
www.burmeseclassic.com
မင်းမြတ်သူရ
ပိုက်ကွန်
BURMESE CLASSIC .com
www.burmeseclassic.com
L လင်း

www.burmeseclassic.com

မင်းမြတ်သူရ

ပိုက်ကွန်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာOffset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

မင်းမြတ်သူရ

ပိုက်ကွန် ၊ မင်းမြတ်သူရ(ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၂၄-စာ၊ ၅×၇

(၁) ပိုက်ကွန်

BURMESE CLASSIC .com

# မင်းမြတ်သူရ

# ပိုက်ကွန်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မြန်မာပြည် အထက်ပိုင်း မြို့တစ်မြို့၌ နေထိုင်သော စောသီတာဆိုသည့်မိန်းကလေးသည် မိခင်ကြီး ကွယ်လွန် အနိစ္စ ရောက်သွားသဖြင့် ဝမ်းပန်းတနည်းငိုယိုနေလေ၏။

မိခင်ကြီး၏ လက်ငုတ် ဖြစ်သော အပ်ချုပ်ဆိုင်လေးကို လည်း ဖွင့်လှစ်ခြင်း မရှိတော့ချေ။

—— စေတာနာတာပေ ——

www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် မိခင်ကြီး၏အသုဘ မြေချသည့်အထိ ဝမ်းပန်းတနည်း ငိုယိုနေပြီးနောက် အောက်ပါအတိုင်းတွေးမိလေ၏။

"ဒီအချိန်ကစပြီး ငါ့မှာ အားကိုးစရာ ရွှေတောင်ကြီး ပြိုလဲသွားပြီ၊ အမေမရှိတော့တဲ့နောက်ပိုင်း ကိုယ့်အားကိုယ်ကိုးပြီး ဝမ်းရေးအတွက်ကြိုးပမ်းရတော့မှာပဲ၊ ငါအမေနဲ့အသက်မွေးဝမ်းကြောင်းပညာအဖြစ် စက်ချုပ်ပညာကိုတတ်တယ်၊ ဒီပညာနဲ့ပဲ ငါ့ဘဝကို ရှေ့ဆက်ရတော့မယ်"

ထိုသို့တွေးမိပြီးနောက် စောသီတာသည် အပ်ချုပ်ဆိုင်ကလေးကိုပြန်လည်ဖွင့်လှစ်ခဲ့လေ၏။

စောသီတာသည် မိခင်ကြီး ရှိစဉ်ကပင် မိခင်၏ ချုပ်ထည်များကိုအတူဝင်ရောက်ချုပ်လုပ်ခဲ့သဖြင့် ဖောက်သည်များသည် မိခင် မရှိသော်လည်း သူမ၏ချုပ်ထည်များကို အားပေးကြ





လေ၏။

စောသီတာသည် အပ်ထည်များကို စိတ်နှစ်ချုပ်ရင်း မိခင်ကို လွမ်းဆွေးတသသော စိတ်ကို ဖြေဖျောက်ရလေ၏။

မည်သို့ပင်ဖြစ်စေ အမေ တစ်ရ သမီးတစ်ရ ဘဝဖြစ်သဖြင့် ငယ်စဉ်က အပ်ချုပ်ဆိုင်နှင့် ကုန်စုံဆိုင်ကို တွဲဖွင့်ခဲ့ပုံကို ပြန်လည် မြင်ယောင်လာ၏။

ထိုစဉ်က ကုလားကြီး မူတူး၏ ကျူလယာဆိုင်က သူတို့ အပ်ချုပ်ဆိုင်နှင့် မလှမ်းမကမ်းမှာ ရှိ၏။

ကျူလယာဆိုင်ဟု ခေါ်တွင်ရခြင်းမှာ ကျူလယာကုလားများသာ ရောင်းချခြင်းကြောင့်ဖြစ်ပြီး ကျူလယာဆိုင်တွင် မိန်းကလေး အသုံးအဆောင်များဖြစ်သော အပ်၊ ချိတ်၊ ဆံညှပ်၊ ကလစ်၊ ပေါင်ဒါ၊ နှုတ်ခမ်းနီ စသည့်အသုံးအဆောင် အမျိုးမျိုးကို အများဆုံး ရနိုင်၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျူလယာ ကုလားကြီးမှုတူးသည် အလွန် သဘော ကောင်းပြီး ကျူလယာဆိုင်၌ စွန်ပလွံယိုပုံး တစ်ပုံးကို အသင့် ဖွင့်ထားပြီး ဖောက်သည်များကို ကျွေးမွေးတတ်၏။

ဆိုင်သို့ ကလေးများ လိုက်ပါလာလျှင် လက်ဖဝါးဖြန့် နိုင်းပြီး ပဲလှော်လက်တစ်ဆုပ်ထည့်ပေးတတ်၏။ ထို့ကြောင့် ကုလားကြီးမှုတူး၏ ကျူလယာကုန်များ အရောင်းသွက်လှ၏။

ကုလားကြီးမှုတူးသည် ကုလားပြည်ပြန်ကာနီးတွင် မိခင်ဖြစ်သူ၏ မှဆိုးမဘဝကို စာနာမိပြီး သူ၏ ကျူလယာကုန် များကို ဆက်လက် ရောင်းချရန် အကြံပြုလေ၏။

မိခင်သည် ကုလားကြီးမှုတူး၏ စေတနာကို လက်ခံပြီး ကျူလယာကုန်များ ရောင်းချခဲ့လေရာ များမကြာမီတွင် မိခင်၏ ကျူလယာ ပစ္စည်းများ အရောင်းသွက်ပြီး မိသားစု စီးပွားရေး အထူးကောင်း မွန်ခဲ့လေ၏။





ထို့ကြောင့် မိခင်သည် ကုလားကြီး မှုတူးကို ကျေးဇူးရှင် စာရင်းသွင်းကာ ညအိပ်ရာ ဝင်တိုင်း မေတ္တာ ပို့လေ၏။ နောက် ပိုင်းတွင်မူ ငွေအရင်း ကြီးမားသော တရုတ်မောင်စိန်၏ ကုန်စုံ ဆိုင် ပေါ်ပေါက်လာပြီး မိခင်၏ ကျူလယာဆိုင်ကလေး ရပ်စဲ သွားလေ၏။

စောသီတာသည် အတိတ်ဘဝကို ပြန်တွေးရင်း ကျေးဇူး ရှင် ကုလားကြီးမှုတူး၏ စကားများကို ပြန်လည် ကြားယောင် လာ၏။

"လောကမှာဘယ်တော့မှ ရပ်မနေနဲ့၊ ရပ်နေရင် သူများ တွေက ကိုယ့်ကိုကျော်တက်သွားလိမ့်မယ်၊ လူဟာ အရှိန်နဲ့အမျှ ရွေ့လျားနေရမယ်၊ ဒီလိုရွေ့လျားနေဖို့အတွက် နေရာဟောင်းကို စွန့်ခွာသင့်ရင် စွန့်ခွာရမယ်"

စောသီတာသည် ကုလားအဘိုးကြီး၏ စကားများကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ကြားယောင်ပြီး မိမိ၏ အပ်ချုပ်ဆိုင်ကို ရန်ကုန်မြို့သို့ရွှေ့ပြောင်းပြီး လုပ်ကိုင်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

ရန်ကုန်မြို့၌ မိမိ၏ လုပ်ငန်းများ ပိုမို တိုးတက် ဖြစ်ထွန်းနိုင်၏၊ ထို့ကြောင့် ရန်ကုန်မြို့သို့ အမြန်ဆုံး ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်၏။

ထိုရက်ပိုင်းမှာပင် သူကြီးဝေဇက် သတင်းစာထဲတွင် ပါဝင်သော ကြော်ငြာတစ်ခုကို ဖတ်ရှု မိလေ၏၊ ထိုကြော်ငြာမှာ

ရန်ကုန်မြို့ အမှတ် (၄၄) ဘားလမ်းရှိ ငါးထပ်တိုက် အပေါ်ဆုံး ထပ်ကို အသွင် သက်သာသော ဈေးနှုန်းဖြင့် ငှားရမ်းရန် ရှိသည်။ သို့သော် မိန်းကလေး တစ်ယောက်တည်းကိုသာ ငှားရမ်းမည် ဖြစ်ကြောင်း စည်းကမ်းသတ်မှတ်ထားပါသည်။ အိမ်ငှားလိုသူ သည် အိမ်ရှင်ထံသို့ လူကိုယ်တိုင် ဖြစ်စေ စာဖြင့် ဖြစ်စေ ကြိုတင် အကြောင်းကြားရန် လိုအပ်ပါသည်။





စောသီတာသည် သတင်းစာပါ ကြော်ငြာကိုကြည့်ပြီး မိမိအတွက်ရေကန်အသင့်ကြာအသင့်ဖြစ်ကြောင်းတွေ့လိုက်ရ၏၊ ထို့ကြောင့် စာတိုက်သို့ သွားပြီး အိမ်ရှင်ထံသို့ စည်းကမ်းချက်နှင့် အညီ မိန်းကလေး တစ်ယောက်တည်း အိမ်ငှားလိုကြောင်း စာတစ်စောင် ရေးပို့လေ၏။

ပြီးနောက်တွင်မှ မိမိနှစ်ပေါင်း များစွာ နေထိုင်ခဲ့သော အိမ်ကလေးကို ပိတ်ပြီး ရန်ကုန်မြို့သို့ ရေတစ်တန် ကုန်းတစ်တန်ဖြင့် ခရီးဆက်ခဲ့လေ၏။

ရန်ကုန်သို့ ရောက်သောအခါ ရထားလုံး တစ်စီးကို ငှားရမ်းပြီး မိမိ နေထိုင်ရမည့်ဘားလမ်းသို့ သွားရောက်ခဲ့၏။

ဘားလမ်းသို့ ရောက်သောအခါ အိမ်အမှတ် ၄၄ ကို ရှာဖွေပြီး အပေါ်ဆုံးထပ်သို့ တက်ခဲ့လေ၏။

အပေါ်ဆုံးထပ် တံခါးရှေ့တွင် ရပ်ပြီး တံခါးခေါက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်ရာ တံခါးဝ၌ ကပ်ထားသော စာတစ်စောင်ကြောင့် မခေါက်ဖြစ်ဘဲ စာကို ယူပြီး ဖတ်ရှု လိုက်သောအခါ

*"အရေးတကြီး ကိစ္စပေါ်လာလို့ ခရီးထွက်သွားတယ်၊ လဆန်း ၃ရက်နေ့ ပြန်ရောက်မယ်၊ အိမ်ထဲမှာ ဝင်နေပြီး စောင့်လို့ရပါတယ်၊ အိမ်တံခါးသော့ကို ခြေသုတ်ခုံ အောက်မှာ ယူပါ"*

*အိမ်ရှင်*

စောသီတာသည် အိမ်ရှင် မရှိကြောင်း သိရှိသွားသဖြင့် သူတစ်ပါး၏ အိမ်ထဲတွင် ပိုင်စိုးပိုင်နင်း နေထိုင်လိုစိတ် မရှိချေ။

သို့သော် ရန်ကုန်မြို့၌ အသိအကျွမ်း မရှိသဖြင့် အိမ်ထဲသို့ ဝင်ပြီး နားခိုရန်သာ ရှိတော့၏။

အိမ်ရှင်၏ စာထဲတွင် လဆန်း ၃ ရက်နေ့ ပြန်ရောက်မည် ဆိုသဖြင့် ကြားတစ်ရက်မျှသာ စောင့်ရတော့မည်။





စောသီတာသည် ခြေသုတ်ခုံကို လှန်ပြီး အိမ်သော့ကို ယူလိုက်စဉ် အလယ်ထပ် အခန်းတံခါး ပွင့်လာပြီး မိန်းမကြီး တစ်ယောက် ခေါင်းပြူကြည့်ကာ

"မိန်းကလေး ပြန်လာပြီ ထင်တယ်၊ သူခိုးတွေ ပူလို့ အသံကြားတိုင်း ထွက်ကြည့်နေရတယ်"

ဟုပြောလေရာ စောသီတာသည် မိမိကို အိမ်ရှင် မိန်းမနှင့် မှားယွင်းပြီး နှုတ်ဆက်သည်ဟု ယူဆမိပြီး ရှင်းပြရန် ပြင်လိုက်စဉ် မိန်းမကြီးသည် အခန်းတခါး ပိတ်ပြီး အိမ်ထဲကို ပြန်ဝင် သွားလေ၏။

စောသီတာ သည် အိမ်တံခါးဖွင့်ပြီး ဝင်လိုက်လေ၏။ ထိုအခါ အိမ်ထဲတွင် အိမ်ထောင်ပရိဘောဂများ ပြည့်ပြည့်စုံစုံ ရှိပြီး နေချင်စဖွယ် အိမ်ခန်းလေး ဖြစ်ကြောင်းတွေ့ရ၏။

တံခါးအနီးရှိ ကျွန်းစားပွဲ ပေါ်တွင် စာတစ်စောင်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဖတ်ကြည့်လိုက်ရာ

*"ကြိုဆိုပါတယ် မိန်းကလေး....ကိုယ့်အိမ်လို သဘောထားပြီး အေးအေးချမ်းချမ်း နေနိုင်ပါတယ်...အိမ်ငှားတဲ့အခါ တစ်အိမ်လုံးက အိမ်ထောင်ပရိဘောဂအားလုံးပါဝင်ပြီးဖြစ်လို့စိတ်ချလက်ချ သုံးစွဲပါ...ကျွန်မ ပြန်လာမှ အေးအေးဆေးဆေးစကားပြောကြတာပေါ့..နေရပ်အသစ်မှာ ပျော်ရွှင် နိုင်ပါစေ...*

*အိမ်ရှင်*

ဟုတွေ့ရလေ၏။

စောသီတာသည် အိမ်ကလေးအတွင်း လှည့်လည်ကြည့်ရှုလေ၏။

အိပ်ခန်းထဲတွင် သပ်ရပ်စွာ ပြင်ဆင်ထားသော ခုတင်





တစ်လုံး တွေ့ရပြီး ခုတင်အနီး၌ မှန်တင်ခုံနှင့် ဗီရိုတို့ကို မြင်တွေ့ရလေ၏။

အိမ်အနောက်ဘက်တွင် မီးဖိုဆောင် နှင့်ရေချိုးခန်းရှိပြီး မီးဖိုဆောင်၌ လေမီးဖို တစ်လုံးနှင့်ကြောင် အိမ်၊ ပန်းကန်စင်တို့ ရှိလေ၏။

မီးဖိုဆောင် နှင့်ကပ်လျက်ရှိ စတိုခန်း တံခါးကိုမူ သော့ခတ်ပြီး ပိတ်ထားလေ၏။

စောသီတာသည် မိမိ အတွက် လိုလေသေး မရှိအောင် ပြင်ဆင်ထားသောအိမ်ကလေးကိုအလွန်နှစ်သက်သွားလေ၏။

အိမ်ရှင်မိန်းကလေးသည်မိမိနှင့်သက်တူရွယ်တူရှိပုံရပြီး အခန်းလေး၌ တစ်ကိုယ်တည်း အထီးကျန် နေပုံရ၏။

အိမ်ရှင် ရောက်လာလျှင် အိမ်ကလေးကို ငှါးရမ်းရန် သဘောတူကြောင်း လက်မှတ်ရေးထိုး ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် ရေချိုးခန်းသို့ဝင်ပြီး ရေမိုးချိုး အဝတ်အစား လဲကာ တရေးတမော အိပ်စက်လိုက်လေ၏။

အိပ်ရာမှ နိုးလာသောအခါ ရန်ကုန်မြို့ထဲတွင် လှည့်လည်ကြည့်ရှုရန် ဆုံးဖြတ်လိုက်ပြီး အိမ်အောက်ထပ်သို့ ဆင်းခဲ့လေ၏။

အိမ်အောက်သို့ ရောက်သောအခါ ရထားလုံး တစ်စီးကို ငှားရမ်းပြီး ရွှေတိဂုံဘုရားသို့ ထွက်ခဲ့လေ၏။

စောသီတာသည် ရထားလုံး စီးရင်း ရန်ကုန်မြို့ ပတ်ဝန်းကျင်ကို ကြည့်ရှုလေရာ မြို့ပေါ်တွင် လူအများ များပန်းခတ်မျှ စည်ကားကြောင်း တွေ့ရှိလေ၏။

ထိုမျှ များပြားသော လူအများ အတွက် အဝတ်အစားများ ချုပ်ရလျှင် မိမိ၌ ပိုက်ဆံ ထားစရာပင် ရှိတော့မည် မဟုတ်ဟု တွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

စောသီတာသည် ရွှေတိဂုံဘုရားခြေရင်းရှိ ထမင်းဆိုင်





တစ်ဆိုင်တွင် ဝင်ရောက် စားသောက်ပြီး အိမ်သို့ ပြန်လာခဲ့လေ၏။

အိမ်အောက်ထပ် လှေကား ရင်းသို့ ရောက်သောအခါ အပေါ်ထပ်မှ အဒေါ်ကြီး တစ်ဦး ဆင်းလာပြီး

"ပြန်လာပြီလား"

ဟုနှုတ်ဆက်လေ၏။

စောသီတာသည် မိမိကို အိမ်ရှင် မိန်းကလေးနှင့် မှားယွင်းနေသည်ဟု ယူဆမိသော်လည်း ယောင်ယမ်းပြီး

"ဟုတ်ကဲ့"

ဟုဖြေလိုက်မိ၏။

စောသီတာသည် အိမ်ပေါ်သို့ ရောက်သောအခါ တစ်ညနေလုံး လျှောက်လည် နေသောကြောင့် ပင်ပန်းနွမ်းနယ် နေသဖြင့် ခုတင်အနီး ဖန်ရေတကောင်းထဲရှိ ရေတစ်ခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



သောက်ကာ အိပ်ရာပေါ်သို့ လှဲချလိုက်လေ၏။

စောသီတာသည် အိပ်ရာပေါ်သို့ ရောက်ပြီး မျှားမကြာမီတွင် မျက်လုံးများ မှေးစင်းလာပြီး အိပ်ပျော်သွားလေ၏။

◉ ❀ ❀





နောက်တစ်နေ့ နံနက်၌ အခန်းတံခါးကို တဝုန်းဝုန်း ထုရိုက်သံ ကြားရသဖြင့် စောသီတာ အိပ်ရာမှ လန့်နိုးလာ၏။

သူမ အိပ်ရာနိုးသည့်အချိန်၌ ခေါင်းထဲတွင် ထူးထူးခြားခြား မူးနောက်နောက် ဖြစ်နေသဖြင့် တံခါးကို ရုတ်တရက် မဖွင့်နိုင်သေးချေ။

ထိုအခါ တံခါး ထုရိုက်သံများ ပိုမို ကျယ်လောင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"တံခါးမြန်မြန် ဖွင့်စမ်း"

ဟုသော အော်ဟစ်သံများကိုပါ ကြားရသဖြင့် စောသီတာသည် ခေါင်းမူးနေသည့်ကြားက တံခါးရှိရာသို့ ကြိုးစားပြီး ဖွင့်ပေးလေ၏။

ထိုအခါ တံခါးဝ၌ သေနတ်ကိုင်ထားသော ပုလိပ်များကို အံ့သြဖွယ်တွေ့ရလေ၏။

စောသီတာက ပုလိပ်များကို အထိတ်တလန့်ကြည့်ပြီး

"ဘာကိစ္စရှိလို့ပါလဲရှင်"

ဟုမေးမြန်းလိုက်၏။

ပုလိပ်များသည် သူမ၏ မေးခွန်းကို မဖြေဘဲ အိမ်ထဲသို့ အတင်း တွန်းတိုး ဝင်ရောက်လာပြီး ခေါင်းဆောင်ဖြစ်သူက

"ရှာကြဟေ့....."

ဟုခိုင်းစေလိုက်ရာ ပုလိပ်များသည် သူမ၏ အိမ်ထဲသို့





ဝင်ရောက် ရှာဖွေ ကြ၏။

စောသီတာက ပုလိပ်များကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ပြီး

"ဘာဖြစ်လို့လဲ၊ ကျွန်မကို ပြောပါဦး"

ဟုဒေါသတကြီး မေးမြန်းလိုက်၏။

ထိုအခိုက်မှာပင် ပုလိပ်တစ်ဦး အိမ်ထဲမှ အပြေးအလွှား ပြန်ထွက်လာပြီး

"တွေ့ပြီဆရာ ရက်ရက်စက်စက်ပဲ"

ဟုဆိုလိုက်သဖြင့် ခေါင်းဆောင် ပုလိပ်သည် အိမ်ထဲသို့ ပြေးဝင်သွားပြီး အတန်ကြာသောအခါမှ ပြန်ထွက်လာကာ စောသီတာကို စူးစူးရဲရဲ ကြည့်ပြီး

"မင်း..အပြစ် မင်းသိပြီပေါ့၊ကဲ..သူ့ကို လက်ထိတ်ခတ် လိုက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်ရာ စောသီတာက ဒေါသတကြီး အော်ဟစ်ပြီး

"ကျွန်မမှာ ဘာအပြစ်ရှိလို့ လက်ထိတ်ခတ်မှာလဲ ရှင်တို့ ကိုလိုနီပုလိပ်ပီပီ ပြည်သူကို အနိုင်ကျင့်နေတာလား"

ဟုပြောဆိုလိုက်ရာ ခေါင်းဆောင်ပုလိပ်က

"မင်းတော်တော် ဟန်ဆောင်ကောင်းပါလား..မိုးသူဇာ၊ ငါတို့နဲ့ဂါတ်ကိုအသာတကြည်လိုက်ခဲ့ပါ"

ဟုအမိန့်ပေးလိုက်၏။

စောသီတာသည် ပုလိပ်၏ စကားကြောင့် တုန်လှုပ်ချောက်ချားသွားပြီး

"ရှင်တို့ လူမှားနေပြီ..ကျွန်မ နံမည် မိုးသူဇာ မဟုတ်ဘူး..စောသီတာ၊ ဒီအိမ်က ကျွန်မပိုင်တဲ့အိမ်လည်း မဟုတ်ဘူး၊ ကျွန်မ ရန်ကုန်ကို မနေ့ကမှ ရောက်တာရှင့်.."





ဟုဆိုလိုက်ရာ ပုလိပ်ခေါင်းဆောင်က စောသီတာ၏ မျက်နှာကို စူးစူးရဲရဲ ကြည့်ပြီး ခေါင်းခါယမ်းကာ

"ဂါတ်ကိုရောက်မှ ရှင်းပြပေတော့"

ဟုဆိုပြီး ပုလိပ်များကို မျက်ရိပ်ပြလိုက်ရာ ပုလိပ်များသည် စောသီတာကို တွန်းထိုး ခေါ်ဆောင် သွားလေ၏။

စောသီတာက အော်ဟစ် ရုန်းကန်ပြီး လိုက်ပါ သွားလေရာ အောက်ထပ်အခန်းရှိလူများ ထွက်လာပြီး ဝိုင်းအုံကြည့်ရှုကြလေ၏။

စောသီတာသည် ဘုမသိဘမသိဖြင့် ဂါတ်တဲသို့ လိုက်ပါသွားလေ၏။

သူမ၏ ခေါင်းထဲတွင် မူးနောက်နေပြီး ဂါတ်သို့ ရောက်သောအခါ ပုလိပ်များက သူမကို အချုပ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် အချုပ်ခန်း သံတိုင်များကို ကိုင်ပြီး မိမိအဖြစ်ကို မိမိ နားမလည်နိုင်အောင် ဖြစ်မိလေ၏။ ပုလိပ်များ မိမိကို အဘယ်ကြောင့် ဖမ်းဆီးလေသည် မသိ...ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခြင်းသည် သူမအတွက် မှားယွင်းမှု တစ်ခုလေလား..., အတန်ကြာသောအခါ ပုလိပ်တစ်ဦး ရောက်လာပြီး သူမကို သီးသန့်ခန်း တစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်း၌ ပုလိပ် အရာရှိ တစ်ဦး ရောက်ရှိနေလေ၏။ ပုလိပ်အရာရှိက စောသီတာကို ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်ပြီး

"ထိုင်ပါ...ကျုပ်နံမည်အင်စပက်တော်လှမိုးလို့ ခေါ်တယ်၊ မင်းရဲ့အမှုကို စီအိုင်ဒီကနေ တိုက်ရိုက် ဆင်းပြီး ကျုပ်ကိုယ်တိုင် ကိုင်တွယ်နေတယ်"

ဟုပြောလေရာ စောသီတာက ပုလိပ်အရာရှိကို နားမလည်ဟန်နှင့်ကြည့်လိုက်လေ၏။





အင်စပက်တော်လှမိုးက စားပွဲပေါ်ရှိ ဓာတ်ပုံတစ်ပုံကို ပြကာ

"သူ့နံမည်က ကိုမြမောင် တဲ့၊ ဗီယာနာ ကဖေးတိုက်မှာ မန်နေဂျာ လုပ်တယ်"

ဟုပြောလေရာ စောသီတာက ဓါတ်ပုံထဲက လူကို နားမလည်ဟန်ဖြင့် ကြည့်ပြီး

"ဘာဖြစ်လို့ ကျွန်မကို ဒါတွေ လာပြနေတာလဲ"

ဟုမေးမြန်းလေ၏။

ထိုအခါအင်စပက်တော်လှမိုးက စောသီတာကိုမျက်လုံးများ မေးစင်းကြည့်လိုက်ပြီး

"မင်းတော်တော် ဟန်ဆောင် ကောင်းတာပဲ မိုးသူဇာ၊ ဒါ မင်းချစ်သူလေ...မင်းကိုယ်တိုင် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ မင်းရဲ့ချစ်သူလေ..."



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ စောသီတာက ခေါင်းကို သွက်သွက် ခါယမ်းလိုက်ပြီး

"အို…ရှင်တို့မှားနေပြီ…ကျွန်မ နံမည် စောသီတာပါ…ရှင်တို့ ပြောတဲ့ မိုးသူဇာ ဆိုတာ ကျွန်မ လုံးဝ မသိဘူး"

ဟုပြောလေရာ ပုလိပ်အင်စပက်တော် လှမိုးက

"မင်းဘယ်လောက် ငြင်းနိုင်မလဲ မိုးသူဇာ မင်းမသတ်ဘူးဆိုရင် ကိုမြမောင်ကို ဘယ်သူသတ်တာလဲ၊ ကိုမြမောင်ရဲ့ အလောင်းက ဘာဖြစ်လို့ မင်းအိမ် စတိုခန်းထဲမှာ ရောက်နေတာလဲ"

ဟုမေးမြန်းလေရာ စောသီတာသည် အင်စပက်တော် လှမိုးကိုအထိတ်တလန့်ကြည့်လိုက်ပြီး

"ဟင်…ကျွန်မအိမ် စတိုခန်းမှာ အလောင်းရှိတယ် ဟုတ်လား မဖြစ်နိုင်တာရှင်"





ဟုငြင်းဆိုလိုက်လေ၏။

ထိုအခါ အင်စပက်တော်လှမိုးက

"မင်းတို့ ချစ်သူ ဖြစ်နေတာ တစ်နှစ်လောက် ရှိပြီ၊ မင်းတို့ ချစ်သူတွေ ဖြစ်ကြောင်းကို ဗီယာနာ ကဖေးတိုက် တစ်တိုက်လုံးက မုန့်ဆရာတွေ၊ စားပွဲထိုးတွေက သက်သေခံပေးလိမ့်မယ်"

ဟုဆိုလိုက်ရာ စောသီတာသည် မိမိကို အသားလွတ် စွတ်စွဲခံနေရသဖြင့် မကျေမချမ်း ဖြစ်လာပြီး

"ရှင်…ဘာတွေပြောနေတာလဲ၊ ရှင်တို့အမှားကြီးမှားနေပြီရှင့်"

ဟုပြောလေရာ အင်စပက်တော် လှမိုးက သူမ၏ စကားကို နားဝင်ဟန် မရှိဘဲ

"မင်းတို့ ချစ်သူနှစ်ဦး ဆက်ဆံရေး အဆင်မပြေကြဘူး၊ မင်းကိုကိုမြမောင်က ကျောရရှုံကြဲဖို့ကြိုးစားတဲ့အတွက် မင်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်၊ ဒီလို ခြိမ်းခြောက်ထားတဲ့အကြောင်းကို ကိုမြမောင်က သူ့မိဘတွေကို ဖွင့်ပြောထားတယ်၊ အခု ကိုမြမောင် ပျောက်နေကြောင်း သူ့မိဘတွေက တိုင်ကြားတဲ့အတွက် မင်းရဲ့ အခန်းမှာ သူ့ အလောင်းကို ရှာတွေ့ခဲ့တာပဲ"

ဟုပြောလေရာ စောသီတာသည် အင်စပက်တော်လှမိုးကို မကျေမချမ်း ကြည့်ပြီး

"ဒီမှာ ...ဒီအိမ်ဟာ ကျွန်မအိမ် မဟုတ်ဘူး၊ ရှင်တို့ ကျွန်မနဲ့ အိမ်ရှင် မိန်းမ မှားနေပြီ၊ မိုးသူဇာဆိုတာ အိမ်ရှင် မိန်းမ ဖြစ်လိမ့်မယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက

"ဟုတ်ပါပြီ..မင်းအိမ်မဟုတ်ဘူးဘဲ ထားလိုက်ပါတော့၊ သေသူ ကိုမြမောင်ကိုတော့ မင်းသိတယ် မဟုတ်လား၊ လွန်ခဲ့





တဲ့ရက်က မင်းတို့စုံတွဲ အိမ်ပေါ်တက်လာတာကို အိမ်အောက် ထပ်က လူတွေ သက်သေ ခံလိမ့်မယ်နော်"

ဟုမယုံသင်္ကာဟန်နဲ့ မေးမြန်းလိုက်တယ်။

စောသီတာသည် မိမိကို မှားယွင်း စွပ်စွဲ နေသဖြင့် ခေါင်းကိုသာ ခါယမ်းလိုက်ပြီး

"ရှင်တို့ မှားနေပြီ..ကျွန်မနဲ့ အိမ်ရှင်မိန်းမ ရုပ်ချင်း ဆင်တူပုံရတယ်၊ အိမ်နီးချင်းတွေ အားလုံး ကျွန်မကို အိမ်ရှင် မိန်းမနဲ့ မှားပြီး ခေါ်ကြတယ်"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးက သူမ၏ ထွက်ချက်များကို စိတ်ဝင်စားပုံ မရဘဲ

"မင်းသူ့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်၊ သူ့ ခန္ဓာကိုယ်မှာ ဓားဒဏ်ရာတွေဗရပွနဲ့ သေဆုံးနေတယ်၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား အင်္ဂါကိုလည်းဖြတ်ထားတယ်၊ သူ့ကို ဘာဖြစ်လို့ ဒီလောက်တောင်မုန်းတီးနေတာလဲ၊မင်းကိုဘယ်လိုအပြစ်တွေ ကျူးလွန်လို့လဲ”

ဟုမေးမြန်းလေ၏၊ စောသီတာသည် ပုလိပ်များကို အလွန် စိတ်ညစ်လာပြီး

“ရှင်တို့ ကျွန်မ စကားကို ဘာလို့ မယုံကြတာလဲ၊ ကျွန်မ လူသတ်သမားမဟုတ်ဘူး၊အိမ်ရှင်လည်းမဟုတ်ဘူး၊ကျွန်မက အိမ်ငှါးရှင့်၊ မနေ့ကမှ ဒီအိမ်ကို ရောက်လာတာ သူ့ဘာသာ သေနေတဲ့ အလောင်းကို ကျွန်မနဲ့ ဘယ်လိုပတ်သက်မှာလဲ၊ ကျွန်မက ဘာကို ဝန်ခံရမှာလဲ”

ဟုအော်ဟစ်ပြောဆိုလိုက်၏။

အင်စပက်တော်လုမိုးက ခေါင်းခါယမ်းပြီး

“မင်း ဒီထက် ကောင်းတဲ့ အကြောင်းပြချက်တွေ ပေးရင်





ကောင်းမယ်၊ ရပါတယ်၊ မင်း မှာ ငြင်းဆန်နိုင်ခွင့် ရှိသေးတယ်၊ ဒါပေမဲ့..မင်းဘယ်လိုမှငြင်းလို့မရတဲ့သက်သေတွေရရင်တော့ မင်း ဝန်ခံရမယ်”

ဟုပြောပြီး ထိုင်ရာမှ ထလိုက်ရာ စောသီတာက ဒေါသ တကြီးဖြင့်

“အို..ကျွန်မ မကျူးလွန်တဲ့ လူသတ်မှုကို ကျွန်မ ဝန်ခံ ရမှာ လား၊ မတရား လုပ်လို့ မရဘူးရှင့်”

ဟုပြောဆိုလိုက်ရာ အင်စပက်တော်လုမိုးက

“ကောင်းပြီ.. ညနေကျရင် တွေ့မယ်..ကျုပ် လောင်းရဲ တယ်၊ မင်း ညနေကျရင် ဝန်ခံစေရမယ်”

ဟုနိုင်မာသောအမူအရာဖြင့်ပြောဆိုလိုက်ရာ စော သီတာ သည် မဟုတ်လျှင် မခံဟူသောစိတ်ဓါတ်ရှိသူဖြစ်သဖြင့် အံကိုကြိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ကြသေးတာပေါ့"

ဟုကြုံးဝါးလိုက်လေ၏။

* * *





စောသီတာသည် အင်စပက်တော်လုမိုး ထွက်ခွာသွားသော အခါ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပြီး ဒီးပွားရှာခြင်းကို အမှားကြီး မှားပြီဟု ယူဆလိုက်မိ၏။

မိမိဘာသာ မိခင် ခေါင်းချသော အရပ်၌ ရောင့်ရဲ တင်းတိမ်ပြီး နေထိုင်လျှင် လူသတ်သမားအဖြစ် စွပ်စွဲခံရမည် မဟုတ်ချေ...ပုလိပ်များ၏ စကားအရ သေသူသည် ဗီယာနာ ကဖေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှိ မုန့်ဆရာ တစ်ဦး ဖြစ်ပြီး အိမ်ရှင် မိန်းကလေး၏ ချစ်သူဟု သိရ၏။

အိမ်ရှင် မိန်းကလေး၏ ရုပ်ရည်သည် အဘယ်ကြောင့် မိမိနှင့်ဆင်တူနေသနည်း..အိမ်ရှင် မိန်းကလေးသည် သူမ၏ ချစ်သူကို သတ်ဖြတ်ပြီး စတိုခန်းထဲ၌ ဖွက်ထားခြင်းပေလော...

စောသီတာသည် တွေးရင်း ခေါင်းရှုပ်လာသဖြင့် မိမိ၏ ကံကြမ္မာ နိမ့်ပါးချိန် ရောက်နေပြီဟု ယူဆမိပြီး ဆုံးပါးသွားသော မိခင်ကို ပြန်လည် တမ်းတနေမိ၏။

မိခင်သာ ရှိနေလျှင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့စရာ အကြောင်းမရှိချေ။





ညနေစောင်းသောအခါ အင်စပက်တော်လှမိုး ဆိုသူ ရောက်ရှိလာပြီး စောသီတာကို အခန်း တစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်းထဲသို့ ရောက်သောအခါ စောသီတာသည် သူမနှင့်ရုပ်တူ မိန်းကလေးအလောင်းကိုတွေ့ရ၏။

အင်စပက်တော်လှမိုးက စောသီတာကိုမိန်းကလေးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ တန်းစီရပ်နိုင်းလိုက်ပြီးနောက် အခန်းထဲသို့ လူ တစ်ယောက်ပြီး တစ်ယောက် ခေါ်ဆောင်ပြီး ရွေးထုတ်နိုင်းလေရာ ထိုသူများ အားလုံး စောသီတာကို မိန်းကလေးများ ကြားက အလွယ်တကူရွေးထုတ်ပေးလေ၏။

အင်စပက်တော်လှမိုးက ထိုသူများ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကာ ပြန်လွှတ်လိုက်ပြီး စောသီတာကို မူလ အခန်းသို့ပြန်လည် ခေါ်ဆောင် သွားလေ၏။

အခန်းထဲသို့ရောက်သောအခါ အင်စပက်တော်လှမိုးက စောသီတာကို မထိလေးစား ကြည့်လိုက်ပြီး

"ဗီယာနာ ကဖေးတိုက်က မုန့်ဆရာတွေနဲ့ စားပွဲထိုးတွေအားလုံး မင်းကို ကိုမြမောင်ချစ်သူမိုးသူဇာ ဆိုပြီး တညီတညွတ်တည်း ရွေးထုတ် သွားကြတယ်၊ မင်း ဘာပြောင်းဦးမှာလဲ"

ဟုမေးမြန်းလေရာ စောသီတာက





"ကျွန်မ မိုးသူဇာ မဟုတ်ဘူး စောသီတာ ဆိုတာ ရှင်တို့ လက်မခံသရွေ့ဒီအမှုက အမှန်ရောက်မှာ မဟုတ်ဘူး"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးက အိတ်နှင့်ထည့်ထားသော ဓားမြှောင် တစ်ချောင်းကို ပြလိုက်ပြီး

"ဟောဒီ ဓားက ကိုမြမောင်ကို သတ်သွားတဲ့ ဓားပဲ၊ ဒီဓား ပေါ်မှာမင်းရဲ့လက်ဗွေရာတွေရှိတယ်၊ မင်းဘာပြောင်းချင်သေးလဲ"

ဟုပြောလေရာ စောသီတာသည် ဆိုးဝါးလှသော ကံကြမ္မာကို နားမလည်နိုင်တော့ဘဲ ဝမ်းပန်းတနည်း ရှိုက်ငို နေမိ၏။

အင်စပက်တော်လှမိုးက စောသီတာ ငိုယိုနေခြင်းကို စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ

"စိတ်အေးအေးထားပြီး ဖြစ်ပျက်သမျှကို ပြောပါ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး၊ ကျုပ်တို့အစွမ်းကုန် အကူအညီပေးပါ့မယ်"

ဟုပြောလေရာ စောသီတာက စိတ်ကို တည်ငြိမ်အောင် ထိန်းပြီး

"ကျွန်မနံမည် စောသီတာပါ၊ ကျွန်မရဲ့မွေးရပ်မြေက နယ်မြို့ကပါ၊ ကျွန်မကနယ်မှာ စက်ချုပ်တဲ့အလုပ်နဲ့ အသက်မွေးပါတယ်၊ အမေဆုံးပြီးတော့ တစ်ရွာမကောင်း သူကောင်းမဖြစ်ဆိုပြီး ရန်ကုန်ကို ပြောင်းလာတာပါ၊ မနေ့ကမှ ကျွန်မ ရန်ကုန်ကို ရောက်တာပါ"

ဟုဆိုလိုက်ရာ အင်စပက်တော်လှမိုးက သူမကို စိတ်ပျက်ဟန်ဖြင့် ကြည့်ပြီး ခေါင်းခါယမ်းကာ

"မင်း...အချိန်တွေ ဖြုန်းတီးနေတာပဲ၊ ဒီလောက် နိုင်လုံနေတဲ့ အမှုမှာမင်းဘာဖြစ်လို့ဝန်မခံသေးတာလဲ"

ဟုပြောလေရာ စောသီတာက အင်စပက်တော်လှမိုးကို





မကျေချေမ်းကြည့်ပြီး

"ရှင်တို့ ဘာဖြစ်လို့ ကျွန်မစကားကို ဆုံးအောင် နားမထောင်ကြတာလဲ၊ ရှင်တို့ ပုလိပ်တွေ ဖြစ်ပြီး အကူအညီမဲ့နေတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ ဒုက္ခပေးချင်တာလဲ၊ ရှင်တို့ပုလိပ်လုပ်နေတာ ရေနစ်သူကို ဝါးကူထိုးဖို့လား"

ဟုအော်ဟစ်ပြောဆိုလိုက်ရာ အင်စပက်တော်လှမိုးက စောသီတာကိုလက်ကာပြလိုက်ပြီး

"ကောင်းပြီ၊ ပြောချင်တာပြောပေတော့ ကျုပ်နားထောင်ပေးမယ်၊ ငါ ပုလိပ် လုပ်နေတာ ဒုက္ခရောက်နေသူကို ကူညီပေးဖို့ပါ"

ဟုပြောလေ၏။

ထိုအခါ စောသီတာက သက်ပြင်းချလိုက်ပြီး

"ကျွန်မ မိခင်ဆုံးပြီးတော့ မြို့ကိုပြောင်းဖို့ကြံစည်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဂေဇက် သတင်းစာမှာ လူသတ်မှုဖြစ်တဲ့ အခန်းကို ငှားချင်တယ် ဆိုတဲ့ ကြော်ငြာ တစ်ခုပါလာတယ်၊ ကျွန်မဟာ ကြော်ငြာကို ဖတ်ပြီးတော့ ရန်ကုန်မြို့ကို ပြောင်းရွှေ့ချင်တာနဲ့ ကြော်ငြာရှင်ကို စာရေးပြီး အမြန်ဆုံး ဆက်သွယ်လိုက်တယ်၊ ဒီလိုနဲ့ရန်ကုန်ကို ရောက်လာတာပဲ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး

"သူကြီးဂေဇက်မှာ အိမ်ငှါး ကြော်ငြာ ပါလာတဲ့ နေ့ကို မှတ်မိသလား"

ဟုမေးမြန်းလေရာ စောသီတာက ခေါင်းညိတ်ပြီး

"နိုဝင်ဘာလ ၁၅ ရက်ပါ"

ဟုဖြေလေ၏။

ထိုအခါ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး





"ကျုပ်တို့ မင်းရဲ့ထွက်ဆိုချက်တွေကို မှတ်တမ်း တင်ထားပါတယ်၊ ဆက်ပြီးပြောပါဦး"

ဟုမေးမြန်းလေ၏။

စောသီတာက ဆက်လက်ပြီး

"ကျွန်မ မနေ့နံနက်က ငှါးရမ်းထားတဲ့ အိမ်ကို ရောက်တော့ အိမ်တံခါးဝမှာ အရေးတကြီးကိစ္စပေါ်လာလို့ ခရီးထွက်သွားတယ်၊ လဆန်း ၃ ရက်နေ့ ပြန်ရောက်မယ်၊ အိမ်ထဲမှာ ဝင်နေပြီး စောင့်လို့ရပါတယ်၊ အိမ်တံခါးသော့ကို ခြေသုတ်ခုံအောက်မှာ ယူပါ လို့ရေးထားတဲ့ စာတစ်စောင် ကပ်ထားတာ တွေ့ရတယ်၊ အိမ်ထဲကိုရောက်တော့လည်း စားပွဲခုံပေါ်မှာလည်း စာတစ်စောင်တွေ့ရတယ်၊ စာထဲမှာတော့ကြိုဆိုပါတယ် မိန်းကလေး...ကိုယ့်အိမ်လို သဘောထားပြီး အေးအေးချမ်းချမ်း နေနိုင်ပါတယ်...အိမ်ငှါးတဲ့အခါ တစ်အိမ်လုံးက အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပရိဘောဂ အားလုံးပါဝင်ပြီးဖြစ်လို့ စိတ်ချလက်ချ သုံးစွဲပါ… ကျွန်မ ပြန်လာမှ အေးအေးဆေးဆေးစကားပြောကြတာပေါ့.. နေရပ် အသစ်မှာပျော်ရွှင်နိုင်ပါစေ …လို့ ရေးထားတာ ဖတ်ရတယ်”

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး

“မင်းတို့ အိမ်ငှားပုံက သိပ်ထူးခြားတယ်၊ ဒီနေ့ခေတ် ရန်ကုန်မြို့မှာ အိမ်ငှားရန် ရှိသည် လို့ ဆိုင်းဘုတ် ချိတ်ထားတဲ့ အိမ်တွေ အများကြီးပဲ၊ မင်းတို့လို အိမ်ရှင်နဲ့ အိမ်ငှား မတွေ့ရဘဲ စိတ်ကူးယဉ်ဆန်ဆန် အိမ်ငှားတာ ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်”

ဟုပြောလေရာ စောသီတာက

“တကယ်ပါရှင် ကျွန်မ လိမ်မပြောပါဘူး၊ အမှန်အတိုင်း





ပြောတာပါ”

ဟုပြောလေရာ အင်စပက်တော်လှမိုးက စောသီတာကို စူးစိုက်ကြည့်ပြီး

“နေပါဦး..မင်းကိုအိမ်ရှင် ရေးပေးတဲ့စာတွေဘယ်မှာလဲ”

ဟုမေးမြန်းလေရာ စောသီတာက

“ရှိပါတယ်ရှင်..စားပွဲ အံဆွဲထဲမှာ ကျွန်မ သိမ်းထားပါတယ်၊ ကျွန်မ ဒီအိမ်ရဲ့အိမ်ငှားဆိုတာ အသေအချာပါ၊ရှင်တို့ အိမ်ထဲမှာ ကျွန်မရဲ့ ခရီးဆောင် အိတ်ကို တွေ့မှာပါ၊ အိတ်ထဲမှာ ကျွန်မ အမေရဲ့နာရေးမှာအသုံးပြုခဲ့တဲ့ ယပ်တောင်နဲ့ ဖိတ်စာတွေကိုတောင် ကျွန်မ သက်သေပြ နိုင်ပါတယ်”

ဟုပြောလေရာ စုံထောက်လှမိုးက ထိုင်ရာက ထပြီး

“ကောင်းပြီ မင်းကျေနပ်အောင် သက်သေတွေကို စစ်ဆေးပေးမယ်၊ ငါတို့ မနက်ဖြန် တွေ့ကြသေးတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ စောသီတာသည် အခန်းထဲ၌ စိတ်ပျက်လက်ပျက် ကျန်ရစ်ခဲ့လေ၏။

ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခြင်းကို အမှားကြီး မှားပြီဟုလည်း နောင်တ ရမိလိုက်၏။

စုံထောက်လှမိုးသည် စောသီတာကို စစ်ဆေးပြီးနောက် ဌာနအုပ် ကိုစိန်မြင့်နှင့် တွေ့ကာ

"ကောင်မလေးက သိပ်ထူးဆန်း နေတယ်၊ ကျုပ်အံ့ဩတာက ဒီလောက်သက်သေ ခိုင်ခိုင်မာမာ ရှိနေတာတောင် သူ ဘာလို့ငြင်းဆန်နေတာလဲ"

ဟုပြောလေရာ ဌာနအုပ် ကိုစိန်မြင့်ကပင့်သက်ချပြီး

"ခေါင်းမာတဲ့ တရားခံ အမျိုးအစားထဲကများ ဖြစ်နေမလား ဆရာ"

ဟုပြောလေရာ စုံထောက်လှမိုးက အဝေးဆီသို့





ငေးကြည့်ပြီး

"မသိသေးဘူးဗျ၊ ဒါပေမဲ့ သူ့ပုံစံ ကြည့်ရတာ တကယ့် အရိုးခံပဲ"

ဟုပြောလေရာ ဌာနအုပ် ကိုစိန်မြင့်က

"သူမှာ စိတ္တဇ များ ဖြစ်နေသလား၊ ကျုပ်တို့ စစ်ဆေးဖို့ လိုနေပြီနော်"

ဟုပြောလေရာ စုံထောက်လှမိုးက

"သေသူရဲ့ ယောကျ်ား အင်္ဂါကို ဖြတ်ထားတယ် ဆိုကတည်းက သူ့ကို စစ်ဆေးဖို့ ကျုပ်ဆုံးဖြတ် ပြီးပါပြီ၊ ဒါနဲ့ နေပါဦး ခင်ဗျားတို့ဆီမှာ နိုဝင်ဘာ ၁၅ ရက်က သူကြီးဂေဇက် သတင်းစာများ ရနိုင်မလား မသိဘူး"

ဟုဆိုလိုက်ရာ ဌာနအုပ် ကိုစိန်မြင့်က သတင်းစာ အထပ်များကို မွှေနှောက် ရှာဖွေပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ တွေ့ပြီ၊ နိဝင်ဘာ ၁၅ ရက် သူကြီးဂေဇက် သတင်းစာ"

ဟုဆိုလိုက်ရာ စုံထောက်လှမိုးက သတင်းစာကို ယူပြီး သိမ်းဆည်းလိုက်လေ၏။ ပြီးနောက်

"ကောင်မလေးရဲ့ထွက်ဆိုချက်တွေမှန်မမှန် သိရအောင် အခင်းဖြစ်ပွားတဲ့ အိမ်ကို ကျုပ် တစ်ခေါက် သွားရဦးမယ်"

ဟုပြောပြီး သူ၏ ဂျစ်ကားဖြင့် လူသတ်မှုဖြစ်ပွားရာ နေအိမ်သို့ထွက်ခဲ့လေ၏။

စုံထောက်လှမိုးလူသတ်မှု ဖြစ်ပွားရာ နေအိမ်သို့ ရောက်သောအခါ စောသီတာ ၏ခရီးဆောင်အိတ်ကို မတွေ့ရချေ။ ထို့ပြင် အိမ်ရှင် မိန်းမ ရေးသားထားသော စာများကိုလည်း စားပွဲခုံအံဆွဲထဲတွင် မမြင်ရချေ....စုံထောက်လှမိုးသည် စောသီတာကိုစိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏။





သူမ၏ ထွက်ဆိုချက်များကို ယုံကြည်ခြင်း မရှိတော့ချေ။

စုံထောက်လှမိုးသည် အိမ်ထဲတွင် ဆက်လက် ရှာဖွေရာ ကောလိပ်တက်စဉ်က စောသီတာ၏အလှ ဓါတ်ပုံ အမျိုးမျိုးကို မြင်ရလေ၏။

ထိုမျှ အကျိုးအကြောင်း နိုင်လုံနေသော အမှုကို သူမ အဘယ်ကြောင့်အကြောက်အကန် ငြင်းဆိုနေသနည်း။

စုံထောက်လှမိုးသည် စောသီတာ၏ ဓါတ်ပုံများကို ယူဆောင်ခဲ့ပြီး အခန်းထဲမှ ပြန်ထွက်ခဲ့၏။

စုံထောက်လှမိုးသည် အိမ်ခန်းတခါးကို ပြန်ပိတ်ရင်း တံခါး၌ သော့ခလောက်ခ တစ်ခုကို မြင်ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။ တံခါး၌ တစ်စုံတစ်ခုကို ကော်နှင့်ကပ်ထားသော သော့ခ တစ်ခုကိုမြင်ရလေ၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်လှမိုးသည် နောက်တစ်နေ့ စောသီတာနှင့်တွေ့သောအခါ စိတ်ပျက်လက်ပျက်အမူအရာဖြင့် ခေါင်းခါယမ်းလိုက်ပြီး

"မင်းစကားတွေ အားလုံး မှသားတွေပဲ..အိမ်ထဲမှာ မင်းရဲ့ ခရီးဆောင်အိတ်လဲ မတွေ့ဘူး၊ အိမ်ရှင် မိန်းမ ရေးခဲ့တယ် ဆိုတဲ့ စာတွေလဲ မတွေ့ဘူး၊ အဆိုးဝါးဆုံး ကတော့ နိုဝင်ဘာ ၁၅ ရက်





သတင်းစာထဲမှာ ဒီအိမ်ကို ငှားရမ်းမယ်လို့ ကြော်ငြာထည့်ထားတာ မရှိဘူး၊မင်းဘာဖြစ်လို့ မဖြစ်နိုင်တဲ့ မှသားတွေ ပြောပြီး အမှုကို ရှုပ်ကြအောင် လုပ်နေတာလဲ"

ဟုပြောလေရာ စောသီတာသည် အလွန် စိတ်ဆင်းရဲသွားပြီး

"ဟုတ်ရဲ့လားရှင်..ကျွန်မရဲ့ခရီးဆောင်အိတ် အပြာရောင်ဟာ အိမ်ထဲမှာရှိပါတယ်၊ အိမ်ရှင် မိန်းမ ရေးထားတဲ့ စာတွေလည်း ကျွန်မ သေသေချာချာ အံဆွဲထဲမှာ သိမ်းထားပါတယ်၊ အဲဒီနေ့က ပုလိပ်တွေများ သိမ်းသွားသလား..မေးကြည့်ပါဦးရှင်"

ဟုပြောလေရာ စုံထောက်လှမိုးက ခေါင်းခါယမ်းပြီး

"ဘယ်ပုလိပ်မှ မသိမ်းဘူး၊ အိမ်ထဲမှာ မင်းရဲ့ ကောလိပ်ကျောင်းသူ ဘဝက ရိုက်ခဲ့တဲ့ ဓါတ်ပုံတွေကိုပဲ တွေ့ရတယ်၊ ဟောဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ စောသီတာသည် စားပွဲခုံပေါ်ရှိ ဓါတ်ပုံများကို ကြည့်ပြီး အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

ဓါတ်ပုံထဲရှိမိန်းမသည် သူမ ကိုယ်တိုင်ပင်ဖြစ်နေလေ၏။ သို့သော် ထိုပုံများသည် သူမ၏ပုံများ မဟုတ်တာ သေချာ၏။

ဓါတ်ပုံထဲရှိ မိန်းမသည် သူမနှင့်အမွှာ ညီအစ်မလား ထင်မှတ်မှားအောင်တူလွန်းလှ၏။

ထို့ကြောင့်ပင် အိမ်နီးချင်းများက သူမကို အိမ်ရှင် မိန်းမ နှင့်မှားပြီး နှုတ်ဆက်ပုံရ၏။

အိမ်ရှင် မိန်းမသည် လူသတ်မှု ကျူးလွန်သူပင် ဖြစ်လေသလော.. လူသတ်မှု ကျူးလွန်သူ ဖြစ်လျှင် ကြိုတင်ကြံစည်ပြီး မိမိအပေါ်အပြစ်များကျရောက်အောင် ပြုလုပ်ခဲ့ခြင်းပေလော...

စောသီတာသည် ထိုသို့ တွေးမိပြီး တုန်လှုပ်ချောက်ချား





ကာ တအင့်အင့် ရှိုက်ငိုလိုက်လေ၏။

အင်စပက်တော်လှမိုးက စောသီတာ ရှိုက်ငိုခြင်းကို အတန်ကြာအောင် စောင့်ကြည့်နေပြီး

"စိတ်မကောင်း မဖြစ်ပါနဲ့..မင်းရဲ့အမှုမှာ ကျုပ်တို့အားလုံး အစွမ်းကုန် ဝိုင်းပြီး ကူညီပေးမှာပါ၊ လူသတ်မှု ဘာကြောင့် ကျူးလွန်တယ်ဆိုတာသာပြောပါ"

ဟုပြောလေ၏။ စောသီတာက ခေါင်းခါယမ်း လိုက်ပြီး

"ကျွန်မ မကျူးလွန်ပါဘူးရှင် တကယ်ပါ၊ ကျွန်မကို ဓားစာခံဖြစ်အောင် တမင်တကာ ကြံစည်ထားတာပါ"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးက စောသီတာကို စိတ်ပျက်ဟန်နဲ့ ခေါင်းခါယမ်းလိုက်ပြီး

"မင်း...ဘာတွေ အကြောင်းပြဦး မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်တယ်။

စောသီတာက ရှိုက်ငိုလိုက်ပြီး

"ကျွန်မကို မှားစာခံ လုပ်သွားတာပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ စရိုးဆောင်အိတ်နဲ့ အိမ်ရှင် မိန်းမ ရေးထားတဲ့ စာတွေ မရှိကော့ဘူး ဆိုတာ ကျွန်မကို တရားခံ ဖြစ်အောင် သဲလွန်စတွေ ဖျောက်ဖျက်သွားတာ သေချာနေပြီ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက ခေါင်းခါယမ်းလိုက်ပြီး

"မင်းကို အိမ်ရှင် မိန်းမက သဲလွန်စတွေ ဖျောက်ဖျက်ပြီး မှားစာခံလုပ်တယ်လို့လဲ ထားလိုက်ပါတော့၊ တစ်ပြည်လုံးမှာ ထုတ်တဲ့ သတင်းစာထဲက ကြော်ငြာတွေကိုတော့ လိုက်မဖျောက်ဖျက်နိုင်ဘူး၊ သူကြီးဂေဇက် သတင်းစာမှာ မင်းပြောတဲ့ အိမ်ငှားမယ်ဆိုတဲ့ ကြော်ငြာလည်းမတွေ့ရဘူး"





ဟုပြောလိုက်ရာ စောသီတာက ခေါင်းခါယမ်းပြီး

"အို..မဖြစ်နိုင်ဘူး၊ သတင်းစာက ကြော်ငြာတွေ့လို့ ရန်ကုန် မြို့ကို ကျွန်မ ရောက်လာတာပါ၊ ရှင်တို့ သေသေချာချာ ရှာရဲ့လား"

ဟုမေးမြန်းလိုက်၏။

အင်စပက်တော်လှမိုးက လက်ထဲရှိ သတင်းစာကို စားပွဲခုံပေါ်သို့ ပစ်တင်လိုက်ရာ စောသီတာ သတင်းစာကို ကမန်းကတန်းယူပြီး ရှာဖွေကြည့်လေ၏။

ထိုအခါ သူမ ဖတ်ရှုခဲ့သော အိမ်ငှါးရမ်းလိုကြောင်း ကြော်ငြာကို မတွေ့ရတော့ချေ။

စောသီတာသည် မယုံနိုင်ဟန်ဖြင့် သတင်းစာကို အရှေ့အနောက် ဖင်ပြန်ခေါင်းပြန် ကြည့်ရှုလေ၏။

သို့သော် သတင်းစာ၌ အိမ်ငှားရမ်းလိုကြောင်း ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ကို မတွေ့ရချေ။

စောသီတာသည် သတင်းစာ၏ စာမျက်နှာများ ပြည့်စုံခြင်း ရှိမရှိ တိုက်ဆိုင် စစ်ဆေးကြည့်ရာ စာမျက်နှာများ ပြည့်စုံကြောင်းလည်း တွေ့ရလေ၏။

စောသီတာသည် သတင်းစာကိုကြည့်ပြီး မကြံစည်တတ်တော့သဖြင့် ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး

"သူကြီးဂေဇက် သတင်းစာထဲမှာ အိမ်ငှားရမ်းမဲ့ အကြောင်း ကြော်ငြာ ပါတာ ကျိန်းသေတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဒီသတင်းစာမှာ ကြော်ငြာ မပါရတာလဲ"

ဟုစိတ်ပျက်လက်ပျက် ညည်းညူလိုက်လေ၏။

အင်စပက်တော်လှမိုးသည် စောသီတာ၏ အမူအရာကို ကြည့်ပြီး ခေါင်းခါယမ်းလိုက်ရင်း

"မင်းမှာ ဘယ်လို အခက်အခဲတွေ ရှိနေသလဲ မင်းကို





ဝန်မခံရဲအောင် ဘယ်သူတွေက ခြိမ်းခြောက် ထားသလဲ"

ဟုမေးမြန်းလေ၏။

စောသီတာက ခေါင်းကိုသွက်သွက်လည်အောင် ခါယမ်းလိုက်ပြီး

"ကျွန်မ မကျူးလွန်ဘူး၊ လုံးဝ မလုပ်ဘူး၊ ဒါကို ရှင်တို့ ဘာကြောင့် လက်မခံနိုင်တာလဲ"

ဟုအော်ဟစ်လိုက်၏။

အင်စပက်တော်လှမိုးက တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်နှင့်

"ကောင်းပြီ..ဒီအမှုနဲ့ ပတ်သက်လို့ မင်း ဘာပြောချင်လဲ ပြောပါ"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ စောသီတာက

"ကျွန်မ အမှုမဖြစ်မီ ရက်ကမှ နယ်က ရန်ကုန်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ၊ ရန်ကုန်ကို ရောက်ပြီး အိမ်ရှင် မရှိတာနဲ့ ငှားမဲ့ အိမ်ထဲကို ဝင်ပြီး နေခဲ့တယ်၊ ကျွန်မ အိမ်ကို ရောက်ရောက်ချင်း ခဏနားပြီး တစ်နေကုန် ရန်ကုန်မြို့ထဲမှာ လျှောက်လည်တယ်၊ ညမှောင်ရီသန်းစ အချိန်ရောက်မှ အိမ်ကို ပြန်လာပြီး အိပ်ရာ ဝင်ခဲ့တယ်၊ နောက်တစ်နေ့ နံနက် အိပ်ရာ ကနိုးတော့ ကျွန်မ ခေါင်းတွေမူးနောက်နောက်ဖြစ်နေလို့အိပ်ရာထဲက မထနိုင်ဘူး ဖြစ်နေတယ်၊ ဒီအချိန်မှာပဲ ရှင်တို့ ပုလိပ်တွေ ရောက်လာတယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"ဒါဆိုရင် ကိုမြမောင်ရဲ့ အလောင်းနဲ့ ပတ်သက်ပြီး မင်း ဘာပြောနိုင်သလဲ"

ဟုမေးမြန်းလေ၏။ စောသီတာက ခေါင်းခါယမ်းပြီး

"ကျွန်မ ဘာမှ မသိပါဘူး၊ ကျွန်မရဲ့ ခရီးဆောင်အိတ်နဲ့ အိမ်ရှင်မိန်းမ ရေးခဲ့တဲ့ စာတွေ ပျောက်ဆုံးနေတာ ညတုန်းက





ကျွန်မ အခန်းထဲကို ဝင်ပြီးတစ်ယောက်ယောက် ခိုးတာ ဖြစ်လိမ့်မယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက စောသီတာ၏ မျက်နှာကို စူးစိုက် ကြည့်ပြီး

"မင်းအဲဒီညက ဘာတွေ ထူးထူးခြားခြား စားခဲ့သလဲ"

ဟုမေးမြန်းလိုက်၏။ စောသီတာက ခေါင်းခါယမ်းပြီး

"ဘာမှ ထူးထူးခြားခြား မစားပါဘူး၊ ကျွန်မ ရွှေတိဂုံဘုရား ခြေရင်းက ထမင်းဆိုင်မှာ ထမင်း စားခဲ့တာပါ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက စောသီတာကို ကြည့်ရင်း

"ဒီအမှုနဲ့ ပတ်သက်ပြီး မင်းမှာ အပြစ်မရှိဘူးလို့ ဆိုပေမဲ့ မင်းဟာ သံသယ ဖြစ်စရာ အကောင်းဆုံး လူတစ်ယောက်ပဲ"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသီတာက အဝေးဆီသို့ ငေးကြည့်ပြီး

"ရှင်တို့ လိုအပ်ရင် ကျွန်မရဲ့ဇာတိမြို့မှာ သွားပြီး စုံစမ်းနိုင်ပါတယ်၊ ဒီမြို့ဟာ ကျွန်မအမေ ခေါင်းချခဲ့တဲ့ မြို့ပါ၊ တစ်မြို့လုံးက ကျွန်မတို့သားအမိကို သိပါတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"ဘာပဲဖြစ်ဖြစ် တရားကို နတ်စောင့်ပါတယ်ကွာ၊ ပြဿနာကို ခေါင်းအေးအေးထားပြီး ရင်ဆိုင်ပါ"

ဟုပြောပြီး အခန်းထဲမှ ထွက်ခွာသွားလေ၏။

စောသီတာသည် အချုပ်ခန်းထဲသို့ ပြန်လည် ရောက်ရှိသွားလေ၏။

အင်စပက်တော်လှမိုးအခန်းအပြင်သို့ရောက်သောအခါ ဌာနအုပ်ကိုစိန်မြင့်က

"ဘယ်လိုနေသလဲဆရာ"

———— စေတနာစာပေ ————



ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ် လိုက်ပြီး

"တရားခံမိန်းကလေးကိုကြည့်ရတာ သိပ်ထူးဆန်းတယ်၊ သူမှာ စိတ္တဇ ဖြစ်နေသလား မသိဘူး၊ သူ့ကိုစိတ္တဇ ဆရာဝန်နဲ့ ပြကြည့်ချင်တယ်"

ဟုပြောလေ၏။ ဌာနအုပ်ကိုစိန်မြင့်က သက်ပြင်းချလိုက်ပြီး

"ဆရာလဲ ဒီကောင်မလေး အမှုမှာ တော်တော် ပင်ပန်းနေပြီ…ကောင်မလေး မြန်မြန် ဝန်ခံဖို့ သင့်နေပြီ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေလေ၏။

အင်စပက်တော်လှမိုးသည် တရားခံ စောသီတာ၏ အမှုမှုများ ထူးခြားသည်ဟုယူဆ၏။

———— စေတနာစာပေ ————

www.burmeseclassic.com

www.burmeseclassic.com



စောသီတာ၏ ထွက်ဆိုချက်များမှာ ပကတိ အပြစ်မဲ့သူ တစ်ဦး၏ အမှုအရာများကဲ့သို့ပင် ဖြစ်နေ၏။

ထို့ကြောင့် စောသီတာကို စိတ္တဇဝေဒနာ ရှိမရှိ စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်၏။

❋ ❋ ❋





နောက်တစ်နေ့သို့ ရောက်သောအခါ အင်စပက်တော် လှမိုး သည် စောသီတာထံသို့ ရောက်ရှိလာပြီး

"မင်းကို ဆေးစစ်ဖို့ဆရာဝန်နဲ့ပြဖို့လိုတယ်၊ ကျုပ်နဲ့ အပြင်ကို ခဏ လိုက်ခဲ့ပါ၊ မင်းကို မိန်းကလေး တစ်ယောက် ဖြစ်တဲ့ အတွက် စာနာထောက်ထားပြီး လက်ထိတ် မခတ်ဘူး၊ သတိ



www.burmeseclassic.com

www.burmeseclassic.com



ထားပါ”

ဟုပြောပြီး စောသီတာကို ခေါ်ဆောင် သွားလေ၏။

စောသီတာသည် အင်စပက်တော်လှမိုး၏ ဂျစ်ကားဖြင့် လိုက်ပါလာခဲ့၏။ အတန်ကြာအောင် မောင်းနှင်ခဲ့ပြီးနောက် ဆေးရုံတစ်ခုသို့ ရောက်ပြီး အင်စပက်တော်လှမိုးက သူမကို ဆေးရုံ အပေါ်ထပ်ရှိအခန်းတစ်ခန်းသို့ ခေါ်ဆောင် သွားလေ၏။

ထိုအခန်း၌ ဆရာဝန် ရှိဟန်တူပြီး နံရံ၌ ရေးသားထားသော ဆရာဝန်ဆိုင်းဘုတ်ကြောင့် စောသီတာသည် မျက်လုံးပြူးသွားပြီး အင်စပက်တော်လှမိုး၏ ပခုံးကို လှမ်းဆွဲကာ

“ နေပါဦး..ရှင်က ဘာဖြစ်လို့ ကျွန်မကို စိတ္တဇ ဆရာဝန်နဲ့ စစ်ခိုင်းတာလဲ၊ ကျွန်မ အရူး မဟုတ်ဘူး”

ဟု မေးမြန်းလိုက်၏။ ထိုအခါ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး



“မင်းမှာ ရောဂါ မရှိဘူးဆိုရင် ဂရုစိုက်စရာ မလိုဘူး”

ဟုပြောလိုက်ရာ စောသီတာသည် မကျေမနပ်ဖြင့် အခန်းထဲသို့လိုက်ပါခဲ့၏။

အခန်းထဲသို့ ရောက်သောအခါ အင်စပက်တော်လှမိုးသည် စောသီတာ၏ လက်တစ်ဖက်ကို တိုင်မှာလက်ထိတ်ခတ်ကာ

“ခဏကြာရင် ကျုပ် ပြန်လာခဲ့မယ်၊ အေးအေးဆေးဆေး စမ်းသပ်ကြပါ”

ဟုပြောကာ အခန်းထဲမှ ထွက်ခွာသွားလေ၏။

အင်စပက်တော်လှမိုးသည် ဆရာဝန် လွတ်လွတ်လပ်လပ် မေးမြန်းနိုင်ရန် ရှောင်ထွက် သွားပုံရ၏။

ဆရာဝန်သည်အသက်ငါးဆယ်ဝန်းကျင် ကုလားလူမျိုး တစ်ယောက်ဖြစ်ပြီး မြန်မာစကားကို ကျွမ်းကျင်စွာ ပြောတတ်





www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကုလားဆရာဝန်ကြီးသည် စောသီတာကို စိတ်တိုင်းကျ မေးခွန်း အမျိုးမျိုး မေးမြန်းပြီးနောက် သက်ပြင်းချလိုက်ပြီး

"မင်းရဲ့ ကျန်းမာရေး ကောင်းပါတယ်၊ အပြစ်ဒဏ်ကို မင်း ရင်ဆိုင် ရတော့မယ်၊ မင်းရဲ့အမှုကို ကျုပ်ကို ပြောပါဦး"

ဟု မေးမြန်းလေ၏။

စောသီတာသည် မိမိအတွက် အကူအညီရလိုရငြား ကုလားဆရာဝန်ကြီးအား သူမ၏အမှုအကြောင်း အိတ်သွန် ဖာမှောက်ပြောပြလေ၏။

ကုလားဆရာဝန်ကြီးက အမှုအခြေအနေ အသေးစိတ်ကို နားထောင်ပြီး သက်ပြင်း ချလိုက်ရင်း

"မင်းရဲ့အမှုကို နားထောင်ပြီး ငါတောင် နားမလည် နိုင်အောင်ဖြစ်သွားတယ်၊ ဒါကြောင့်လဲ အင်စပက်တော်လုမိုးက မင်းကို ရောဂါ ရှိမရှိ စစ်ဆေး နိုင်းတာကိုး၊ ဘာပဲဖြစ်ဖြစ် သူက





လူတော်တစ်ယောက်ကွ၊ ဒီအမှုမှာ မင်း လွတ်နိုင်ချေ မရှိတော့ ဘူး၊ ထောင်ဒဏ် နှစ်ကြီး ကျမှာသေချာတယ်"

ဟုပြောလေရာ စောသီတာသည် အလွန် တုန်လှုပ် ချောက်ချား သွားလေ၏။

ထို့ကြောင့် ဆရာဝန်ကြီးကို ဒေါသတကြီး ကြည့်ပြီး

"ကျွန်မမှာ အပြစ်မရှိဘဲ ဘာလို့ထောင်ထဲကို ဝင်ရမှာလဲ၊ ကျွန်မရန်ကုန်ကို လာတာ စီးပွားရှာဖို့ရှင့် ထောင်ထဲဝင်ဖို့မဟုတ် ဘူး"

ဟု အော်ဟစ်လိုက်ရာ ဆရာဝန်ကြီးက စိတ်မသက်သာ ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် မင်းရဲ့အမှုက ဒီလောက်တောင် သက်သေ ခိုင်မာနေမှတော့ မင်း ဘယ်လိုလုပ် လွတ်လမ်း ရှိတော့မှာလဲ"

ဟုပြောလိုက်ရာ စောသီတာသည် ရန်ကုန်မြို့သို့ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရှာရန် လာရောက်ခြင်းကို အကြီးအကျယ် နောင်တ ရသွားလေ၏။

မိမိ၏ ငယ်ရွယ်သော ဘဝ တလျှောက်လုံး ထောင်ထဲမှာ အချိန်ကုန် ရတော့မည်...လူသည် အသိဉာဏ် ရှိသော သတ္တဝါ ဖြစ်လျှက် သူတစ်ပါး အနိုင်ကျင့် သမျှကို လည်စင်းပြီး ငြိမ်ခံ နေရတော့မှာလား၊ လွတ်မြောက်ရေး အတွက် လှုပ်ရှား ရုန်းကန်ရမည်..တိုက်ပွဲဝင် စရာရှိလျှင်ဝင်ရမည်..စောသီတာသည် ထိုသို့ ဆုံးဖြတ်ရင်းစားပွဲပေါ်ရှိ ဆရာဝန်သုံး ဓားတစ်ချောင်းကို ကြည့်ပြီး ထွက်ပြေးရန် လမ်းစ ပေါ်သွားလေ၏။

ထိုအခိုက်မှာပင် အင်စပက်တော်လှမိုး အခန်းထဲသို့ ဝင်ရောက် လာ၏။

အင်စပက်တော် လှမိုးက ကုလားဆရာဝန်ကြီးကို ကြည့်ပြီး





"အဆင်ပြေရဲ့လား"

ဟုမေးမြန်းလိုက်၏။

ကုလားဆရာဝန်ကြီးက ခေါင်းညိတ်ပြီး

"အားလုံးကောင်းတယ်၊သူ့ရဲ့စိတ်အခြေအနေကပုံမှန်ပဲ၊ ဘာမှ စိုးရိမ်စရာမရှိဘူး"

ဟုပြောလေ၏။

ထိုအခိုက်မှာပင်စောသီတာသည် သူမ လုပ်သင့်လုပ်ထိုက်သော အလုပ်ကိုလုပ်လေ၏။

စားပွဲပေါ်ရှိ ဓားတစ်ချောင်းကို ဆတ်ခနဲယူပြီး ကုလားဆရာဝန်ကြီး၏ လည်ပင်းကိုထောက်ကာ

"လက်ထိတ်ကိုဖွင့်ပေးစမ်း၊ မဖွင့်ရင် အသေပဲနော်၊ လည်ပင်းထဲထိုးစိုက်လိုက်မယ်"

ဟုခြိမ်းခြောက်လိုက်လေရာအင်စပက်တော်လှမိုးသည်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အဝိုက်မိပြီး ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

စောသီတာက ကုလားဆရာဝန်ကြီး၏ လည်ပင်းကို ဓား

ဖြင့် ဖိထောက် လိုက်ရာ ကုလားဆရာဝန်က

"အမလေး မလုပ်ပါနဲ့ ကျုပ်လည်ပင်းကို မစိုက်ပါနဲ့"

ဟုအော်ဟစ်ပြီး တောင်းပန်လေ၏။

စောသီတာက အင်စပက်တော်လှမိုးကိုကြည့်ကာ

"ကျွန်မ လက်ထိတ်ကို ဖွင့်ပေးနော်၊ မပေးရင် ဆရာဝန်

ကြီးလည်ပင်းကိုစိုက်ပစ်လိုက်မယ်"

ဟု ခြိမ်းခြောက်လေရာ အင်စပက်တော်လှမိုးက

"မင်းမှားမယ်နော်…ဒီလိုလုပ်ရင် အပြစ်ပို ကြီး သွားမယ်"

ဟုတားဆီးလေရာ စောသီတာက လက်သီးဆုပ်ပြီး

"အို…ဘယ်လောက်အပြစ်ကြီးကြီး ကျွန်မ ဂရုမစိုက် ဘူး၊

ကျွန်မ အပြစ်မရှိဘဲ ထောင်အကျ မခံနိုင်ဘူး၊ ရှင် မဖွင့်ပေးဘူး





လား၊ ဒီလူကြီးကိုသတ်လိုက်မယ်နော်"

ဟုအော်ဟစ်ခြိမ်းခြောက်လိုက်ရာ အင်စပက်တော်လှမိုး

သည် မတတ်သာတော့ဘဲ စောသီတာ၏ လက်ထိတ်ကို

ဖွင့်ပေးရလေ၏။

စောသီတာက လက်ထိတ်ပွင့်သွားသောအခါ ကုလား

ဆရာဝန်ကြီးကို အခန်းဝသို့ တွန်းထိုးခေါ်ဆောင် သွားပြီး ဆရာ

ဝန်ကြီးကို အခန်းထဲသို့ ဆောင့်တွန်းလိုက်ရာ အင်စပက်တော်

လှမိုးက အခန်းတခါးကို ဖွင့်ရန် ကြိုးစားလိုက်၏။

သို့သော် စောသီတာက ဦးသွားပြီး တံခါးချက်ကို

ချလိုက်နိုင်၏။

စောသီတာသည် အခန်းအပြင်သို့ ရောက်သောအခါ

အသင့်တွေ့ရသော ဆရာဝန်ဝတ်စုံတစ်စုံကိုယူပြီးဝတ်ဆင်ကာ

ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမိုးဘာ့ည်သော့ခတ်ထားသော အခန်းထဲမှ တဝုန်းဝုန်းအော်ဟစ် ထုရိုက်ပြီး ကျန်ရစ်ခဲ့လေ၏။

❋ ❋ ❋





စောသီတာသည် ဆေးရုံ လူသွားလမ်းအတိုင်း ခပ်သွက်သွက် ထွက်ခွါလာခဲ့၏။

လူသွားလမ်း၌ ဆရာဝန်နှင့်သူနာပြုများ ဥဒဟို သွားလာနေသဖြင့် ကမူးရှူးထိုး ထွက်ပြေးရန်လည်း မဖြစ်နိုင်ချေ။

စောသီတာသည် လူပြတ်သော နေရာသို့ ရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



နင့်ကမူးရှူးထိုး ပြေးထွက်ခဲ့လေ၏။ ဆေးရုံဂိတ်ပေါက်သို့ ရောက်သောအခါ ဂိတ်စောင့် ကုလားသည် စောသီတာကို နားမလည်ဟန်ဖြင့် ကြည့်ရှုနေလေ၏။

စောသီတာသည် ဆေးရုံ အပြင်သို့ ရောက်သည်နှင့် ဆရာဝန် ဝတ်စုံကို အနီးအနားရှိ ရေမြောင်းထဲသို့ ပစ်ချပြီး သုတ်ခြေတင်ပြီး ပြေးလေ၏။

မိမိ ကံကြမ္မာကို ပုလိပ်များ၏ လက်တွင် ဝကွက်အပ်ပြီး မနေလိုသဖြင့် ထွက်ပြေးလာခဲ့ခြင်း ဖြစ်၏။

စိတ္တဇ ဆရာဝန်၏ အဆိုအရ လူသတ်မှုတွင် မိမိ အပြစ်မရှိဟု ဆိုသော်လည်းသက်သေ နိုင်လုံလွန်းသဖြင့်ထောင်ဒဏ်ကျခံရမှာသေချာနေ၏။

တစ်ရွာ မပြောင်း သူကောင်းမဖြစ်ဆိုသော စကားအရ ပြောင်းရွှေ့ခဲ့သော်လည်း သူမ၏ အဖြစ်မှာ သေချင်တဲ့ကျား





တောပြောင်းဆိုသော စကားကဲ့သို့ ဖြစ်နေလေ၏။

စောသီတာသည် ပြေးလွှားရင်းအနောက်သို့လှည့်ကြည့်လိုက်ရာ ဒရကြမ်း မောင်းနှင်လာသော အင်စပက်တော်လှမိုး၏ ဂျစ်ကား ကို မြင်သဖြင့် ထိတ်လန့်ပြီး ဆီးသီးသည် တစ်ဦး၏ လှည်းအနောက်တွင် ဝင်ရောက် ပုန်းနေ လိုက်လေ၏။

ဂျစ်ကားသည် ဆီးသီးသည် အနီးတွင် ရပ်လိုက်ပြီး

"ဒီမှာ ငါ့ညီ..မိန်းကလေး တစ်ယောက် ပြေးသွားတာ မမြင်ဘူးလား"

ဟုမေးမြန်းလိုက်ရာ ဆီးသီးသည်သည် လှည်းအနောက်တွင် ပုန်းကွယ်နေသော စောသီတာကို မသိမသာ လှမ်းကြည့်လေ၏။

စောသီတာက အထိတ်တလန့်ဖြင့် ဆီးသီးသည်ကို လက်ခါပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆီးသီးသည်က မလုံမလဲ အမူအရာဖြင့်

"မတွေ့ပါဘူး"

ဟုဖြေလိုက်ရာ အင်စပက်တော်လှမိုးသည် စကားဆုံးအောင် မစောင့်တော့ဘဲ ကားကို တရှိန်ထိုး မောင်းထွက်သွားလေ၏။

ထိုအခါမှပင် စောသီတာသည် အသက်ကိုရှဲရှဲရှူ့လေ၏။ ဆီးသီးသည်သည် စောသီတာနှင့်ရွယ်တူ လူငယ်တစ်ဦးဖြစ်ပြီး

"ခင်ဗျား ဘာလို့ ထွက်ပြေးနေတာလဲ"

ဟုမေးမြန်းလိုက်လေ၏။ စောသီတာက အမှန်အတိုင်းဖြေရန် မသင့်တော်သဖြင့်

"ကျွန်မက သူ့အိမ်မှာ မတရား နိုင်းစေခံရလို့ ထွက်ပြေးလာတာပါ"

ဟုဆိုလိုက်ရာ စိတ်ကောင်းရှိဟန်တူသော ဆီးသီးသည်





လူငယ်က မျက်မှောင်ကြုတ်ပြီး

"စိတ်မကောင်းစရာဗျာ..ဘယ်လိုဖြစ်တာလဲ ခင်ဗျားက ရန်ကုန်ကမဟုတ်ဘူးလား"

ဟုမေးမြန်းလိုက်လေ၏။ စောသီတာက သက်ပြင်းချပြီး

"ကျွန်မက နယ်ကပါ၊ ရန်ကုန်မှာ စီးပွားရေး လုပ်မယ်ဆိုပြီး ထွက်လာခဲ့ပြီး စောစောက လူရဲ့အိမ်မှာ အိမ်စေ ဝင်လုပ်တယ်၊ ဒါပေမဲ့ မတရား နိုင်းစေပြီး ထိကပါးရိကပါး လုပ်မယ်ကြံလို့သူ့ဆီက ထွက်ပြေးလာတာပါ"

ဟုပြောလေရာ လူငယ်က သက်ပြင်းချပြီး

"နေဂုဏ်ရှိတဲ့သူတွေက ဒီလိုပါပဲဗျာ၊ ဆင်းရဲသားနင်းပြားတွေကို အနိုင်ကျင့်ဖို့ ကြိုးစားကြတယ်၊ အကူအညီ လိုရင်လဲ ပြောပါဗျာ"

ဟုပြောလေရာ စောသီတာက လက်ကာပြလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ၊ ကျွန်မသွားတော့မယ်"

ဟုပြောကာ ဆီးသီးသည် အနီးမှ ထွက်ခဲ့၏။ စောသီတာသည် အင်စပက်တော် လှမိုး၏ ရန်မှ မလွတ်ကင်းသေး သဖြင့် သတိကြီးစွာ ထားပြီး သွားရလေ၏။

လောလောဆည် မိမိ၏ နေရေးကို ဦးစွာ ရှာဖွေရန် ဆုံးဖြတ်လိုက်၏။





စောသီတာသည် ခြေဦးတည်ရာသို့ လျှောက်လှမ်းသွားရင်း ဘူတာရုံတစ်ရုံသို့ရောက်သောအခါ ရထားပေါ်တက်ပြီး လိုက်ခဲ့လေ၏။

စောသီတာ လိုက်ပါလာသောမြို့ပတ်ရထား ပုဇွန်တောင် ဘူတာသို့ ရောက်ရှိသောအခါ ရထားပေါ်သို့ လက်မှတ်စစ်များ



www.burmeseclassic.com

www.burmeseclassic.com



တက်လာသဖြင့် ရထားပေါ်မှ ကမန်းကတန် ဆင်းပြေးရလေ၏။

သူမ၌ ငွေကြေး တစ်ပြားတစ်ချပ်မျှ မရှိသဖြင့် လက်မှတ်ဝယ်ယူနိုင်ခြင်း မရှိချေ…စောသီတာသည် မိမိလက်၌ ဝတ်ထားသော လက်စွပ်လေးကို ရောင်းပြီး စားဝတ်နေရေး ပြဿနာကို ဖြေရှင်းရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ပုဇွန်တောင် ဈောင်တန်းဆိပ်အနီးရှိ ရွှေဆိုင်တစ်ဆိုင်၌ လက်စွပ်လေးကို ရောင်းလိုက်၏။

ပြီးနောက် ဈောင်တန်းဆိပ်အနီးရှိ တဲအိမ်တန်းကလေး၌ လျှောက်လှမ်းရင်း အကြော်ဆိုင်တစ်ဆိုင်၌ဝင်ပြီး အကြော်စားလေ၏။

အကြော်စားရင်း အကြော်သည်အဒေါ်ကြီးအား အနီးအနားတွင် အိမ်ငှားရန် ရှိမရှိ မေးမြန်းလေရာ အဒေါ်ကြီးက တစ်နေရာသို့ လမ်းညွှန်လိုက်လေ၏။





အဒေါ်ကြီး လမ်းညွှန်ရာအိမ်သို့ရောက်သောအခါ အိမ်မှာ ဈောင်တန်းဆိပ်ရှိ စုတ်ချာသော တဲအိမ်ငယ်လေး တစ်လုံးဖြစ်ပြီး တဲအိမ်ရှေ့တွင် ဖဲချပ်များကို တစ်ကိုယ်တည်း ကလားဖန်ထိုးနေသော အဘွားကြီး တစ်ယောက်ကို တွေ့ရလေ၏။

အဘွားကြီးက စောသီတာကို မျက်မှောက်ကြုတ်ကြည့်ပြီး

"ဘာကိစ္စလဲ ကောင်မလေး…ငါ့ကို အကြွေးလာတောင်းတာတော့ မဟုတ်ပါဘူးနော်"

ဟုဆိုလိုက်ရာစောသီတာက မဝံ့မရဲဖြင့်

"ကျွန်မ အိမ်ငှားချင်လို့ပါ"

ဟုဆိုလိုက်ရာ အဘွားကြီး၏ မျက်နှာ ဝင်းလက်သွားပြီး

"ဘိုင်ပြတ်နေတာနဲ့အတော်ပဲ တစ်လကို ၁၅ကျပ်ပဲ ပေးရမယ်၊ အခန်းကိုတော့ အလယ်က ကန့်ထားတယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည်ဝရမ်းပြေးတစ်ယောက်ဘဝသို့ရောက် နေသဖြင့်အင်စပက်တော်လှမိုးလက်မှလွတ်မြောက်ရန်မထင် မရှားနေရာ ကလေး၌ ပုန်းခိုရန် ကြံလိုက်၏။

ထိုကြောင့် အိမ်အတွင်းသို့ ဝင်မကြည့်တော့ဘဲ အဘွားကြီး၏ လက်ထဲသို့ ပိုက်ဆံ ၁၅ကျပ် ထည့်ပေးလိုက် လေရာ အဘွါးကြီးသည် ပျော်ရွှင်ဟန်ဖြင့် ထွက်ခွာသွားလေ၏။

စောသီတာသည်အခန်းထဲသို့ဝင်ပြီး ဖျာစုတ်လေး၌လှဲချ လိုက်ကာ သူမ အနာဂတ်ကို တွေးပြီး ရင်မောသွားလေ၏။

အိမ်ရှင် မိန်းမသည် ကောက်ကျစ်ယုတ်မာ လွန်းလှ၏။

အပြစ်မဲ့သော မိမိကို ကြိုတင်ကြံစည်ပြီး ထောင်ကျရန် ကြံစည်ထား၏။

အိမ်ရှင်မိန်းမ၏ အမည်ကို မိုးသူဇာဟု သိရ၏။

မိုးသူဇာဆိုသော မိန်းမသည် မိမိနှင့်မိုင်ပေါင်း များစွာ





ဝေးကွာသောအရပ်၌ နေထိုင်ပြီး မိမိနှင့်ရန်ငြိုးရန်စ မရှိပါဘဲ လျက် အဘယ်ကြောင့် မိမိကို ထောင်နန်းစံ စေလိုသနည်း...

ရက်စက်လိုက်တာ မိုးသူဇာ.....။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အင်စပက်တော်လှမိုးသည် တရားခံ စောသီတာ ပျောက်ဆုံးသွားသဖြင့် အင်းစိန်စီအိုင်ဒီရုံး၌ ပုလိပ်မင်းကြီး၏ ဆူပူကြိမ်းမောင်းခြင်းကို ခံနေရလေ၏၊ စုံထောက်မင်းကြီးက စားပွဲခုံကို လက်သီးဖြင့်ဒုန်းခနဲ ထုပြီး

"တရားခံ မိန်းကလေး တစ်ယောက်ကိုတောင် မထိမ်း





နိုင်တဲ့ မောင်မင်းဟာ အင်စပက်တော်ရာထူးနဲ့ မတန်ဘူး၊ မောင်မင်းကို ကျွန်ုပ် ရာထူးက ချလိုက်ရမလား"

ဟုကြိမ်းမောင်းလိုက်ရာ အင်စပက်တော်လှမိုးက ကမန်းကတန်း လက်ကာပြပြီး

"မလုပ်ပါနဲ့ မင်းကြီး ဒီအမှုရဲ့တရားခံကို ကျွန်တော်မျိုး မရရအောင်ဖမ်းဆီးပေးပါမယ်"

ဟုပြောလေရာ စုံထောက်မင်းကြီးက အနည်းငယ် သဘောကျသွားဟန်ဖြင့်

"ကောင်းပြီ..အချိန်တန်လို့တရားခံကိုမဖမ်းနိုင်ရင်တော့ မောင်မင်းကို ရာထူးက ချရမှာပဲ...လောလောဆယ် တရားခံ မိန်းကလေးရဲ့ ဓါတ်ပုံတွေကို ပုလိပ်ဌာနနဲ့ ရထားဂိတ်၊ ကားဂိတ်တွေမှာ ဖြန့်ဝေထားပါ...စိတ္တဇဝေဒနာရှင်လို့ သံသယ ဖြစ်တဲ့ တရားခံတစ်ယောက် ပျောက်ဆုံးနေတာ အွန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြီးတယ်"

ဟုအမိန့်ပေးလေ၏။

အင်စပက်တော်လုမိုးသည် မင်းကြီး၏ဆုပူကြိမ်းမောင်းခြင်းကို အတန်ကြာအောင်ခံပြီးနောက် ရုံးခန်းအတွင်းမှ စိတ်ပျက်လက်ပျက်ထွက်ခဲ့လေ၏။

ရုံးခန်းအပြင်ဘက်၌မိမိကိုမနာလိုဝန်တိုသောစုံထောက်တစ်စုက ကျေနပ်ဝမ်းမြောက်ဟန်ဖြင့် ကြည့်ရှုနေကြ၏။

အင်စပက်တော်လုမိုးသည် စီအိုင်ဒီရုံးဝန်း အတွင်းမှ ဂျစ်ကားကို မောင်းနှင်ပြီး ထွက်လာလေ၏။

အပြန်လမ်း၌တရားခံမိန်းကလေး၏ရိုးသားဖြူစင်သော မျက်နှာကို မြင်ယောင်နေလေ၏။ ထိုမျှ ရိုးသားဖြူစင်သော မိန်းကလေးသည် အဘယ်ကြောင့်ယောက်ျား တစ်ယောက်ကို ရက်ရက်စက်စက် သတ်ဖြတ်ရသနည်း..





မိန်းကလေးနှင့်ဆက်ဆံနေသည့်အချိန်ကာလတွင် ရိုးသားဖြူစင်မှုတွေကို တစ်ချိန်လုံး သိမြင်နေရ၏။

သို့သော် လူသတ်မှုတွင်ကျန်ရစ်ခဲ့သော သဲလွန်စများ အရ မိန်းကလေးကို တရားခံဟု ညွှန်ပြနေ၏။

သူမ ဘယ်လိုမှ လွတ်မြောက်အောင် ရှန်းလို့မရ.. မည်သို့ပင် ဖြစ်စေ သူမကို မရရအောင် ဖမ်းဆီး ရပေမည်......။



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် သူမ ငှားရမ်းထားသော တဲအိမ် က လေး၌တခဏမျှကျောခင်းပြီးနောက် စက်ချုပ်ဆိုင်တစ်ဆိုင်သို့ သွားပြီး သူမအတွက် အဝတ်အစား သုံးစုံ ချုပ်လုပ်လေ၏။

စောသီတာသည် စက်ချုပ်ဆိုင်၌ အဝတ်များ အပ်နေစဉ် ဆိုင်သို့ အဝတ်ချုပ်ရန် အပ်ထားသော မိန်းမကြီး တစ်ဦး ရောက်လာပြီး သူမ၏ အပ်ထည် များကို ရွေးယူလေ၏။





ထိုအခါ ဆိုင်ရှင်အဒေါ်ကြီးက

"ကျွန်မမှာ အပ်ထည်တွေများတဲ့ အပြင် မနေ့က အဖျား တက်လို့နောက်ကျသွားတာပါ။ တစ်ရက်လောက် စောင့်ပေးပါ"

ဟုတောင်းပန်လေရာ မိန်းမကြီးက လက်မခံဘဲ

"အို..ကျုပ်ကို ဒီနေ့ ချိန်းထားပြီးမှ ရှင် မရရ အောင် ချုပ်ပေး..ဒါပဲ"

ဟုအော်ဟစ် ပြောဆိုလေ၏။

စောသီတာသည် သူမ ကိုယ်တိုင် စက်ချုပ်သမား ဖြစ် သဖြင့် အဒေါ်ကြီး၏ အဖြစ်ကို စာနာမိသွားပြီး အဒေါ်ကြီး လက်ထဲမှ အဝတ်ကိုမပြောမဆို ဖိုးဖိုးဖတ်ဖတ် ယူပြီး ချုပ်လုပ် လေရာ သူမ၏ စက်ချုပ်ကျွမ်းကျင်မှုကြောင့် မိန်းမကြီး၏ အင်္ကျီမှာ တစ်နာရီအတွင်း ပြီးစီးသွားလေ၏။

ထိုအခါ မိန်းမကြီးလည်း အင်္ကျီကို ယူပြီး ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



နပ်နပ်ကြေအိုးပြန်သွားလေ၏။

ဆိုင်ရှင်အဒေါ်ကြီးသည် စောသီတာ၏ စက်ချုပ် ကျွမ်းကျင်မှုကိုတအံ့တဩကြည့်ပြီး

"မိန်းကလေးစက်ချုပ်တာမြန်လဲမြန် ကောင်းလဲကောင်းတယ်၊ ဒီလောက် ကျွမ်းကျင်ရင်လဲ ကိုယ့်အင်္ကျီကိုယ်ပြန်ချုပ်သွားပါ၊ အဒေါ်ပိုက်ဆံမယူပါဘူး"

ဟုပြောလေရာ စောသီတာသည် အဒေါ်ကြီး အနားရစေရန် သူမ၏ အင်္ကျီများကိုကိုယ်တိုင် ချုပ်လုပ်လေ၏။

စောသီတာသည် မိခင်နှင့်နေထိုင်စဉ် ကလေးဘဝကပင် စက်ချုပ်ပညာကို ကောင်းမွန်စွာ တတ်ကျွမ်းသဖြင့် ဖောက်သည်များ အံ့သြရလောက်အောင် ချုပ်လုပ်နိုင်၏။

စောသီတာသည်သူမ၏အင်္ကျီများကိုကိုယ်တိုင်ချုပ်လုပ်ပြီးနောက် ဆိုင်ရှင် အဒေါ်ကြီးနှင့်ရင်းနှီးကျွမ်းဝင် သွားလေ၏။





ဆိုင်ရှင်အဒေါ်ကြီး၏ အမည်မှာဒေါ်ကြီးတင် ဖြစ်ပြီး ယောက်ျား ဆုံးပါးသွားပြီးနောက် တစ်ကိုယ်တည်း နေထိုင်သူဖြစ်၏။

အဒေါ်ကြီးသည် စောသီတာ၏နောက်ကြောင်းကို မေးမြန်းလေရာ စောသီတာက မိခင် ဆုံးပါးသွားပြီးနောက် တစ်ရွာမပြောင်းသူကောင်း မဖြစ်ဆိုသလို ရန်ကုန်မြို့သို့ပြောင်းရွှေ့လာကြောင်း ပြောလေ၏။

ထိုအခါဒေါ်ကြီးတင်က စိတ်အားတက်ကြွစွာဖြင့်

"ဘယ်မှာမှအလုပ်မရှာနဲ့ အဒေါ်ဆိုင်မှာ အချိန်မရွေးလာလုပ်ပါ ငါ့တူမကို အချိန်မရွေး တံခါးဖွင့်ထားတယ်"

ဟုပြောလေ၏။

စောသီတာသည် အဒေါ်ကြီး၏ ဖိတ်ခေါ်ချက်ကို လက်သင့်ခံလိုသော်လည်း လောလောဆယ် ဝရမ်းပြေးဘဝသို့

www.burmeseclassic.com



ရောက်ရှိနေသဖြင့်

"စဉ်းစားပါဦးမယ်"

ဟူသာမယုတ်မလွန် ပြောဆိုခဲ့လေ၏။





ထိုအချိန်၌ အင်စပက်တော်လှမိုးသည် စောသီတာ၏ နောက်ကြောင်း ရာဇဝင်ကို စတင်စုံစမ်းရန် ဆုံးဖြတ်လိုက်၏။

မိမိ၏လက်ထဲမှ တရားခံမိန်းကလေး လွတ်မြောက်သွားသဖြင့် အမြန်ဆုံး ပြန်လည် ဖမ်းမိရန် အရေးကြီး နေ၏။

မပြောကောင်း မဆိုကောင်း တရားခံ လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါက မိမိ၏ ရာထူးကိုပင် ထိပါး သွားနိုင်၏။

သူသည် စောသီတာ နေထိုင်သော နယ်မြို့သို့ ရေလမ်း တစ်တန် ကုန်းလမ်းတစ်တန်းဖြင့် ကိုယ်တိုင် လိုက်သွားလေ၏။

ထိုအခါ လွန်စွာ အံ့သြဖွယ် ကောင်းသော အဖြေကို သိရလေ၏။ စောသီတာ ဆိုသော မိန်းကလေးသည် နယ်မြို့လေး၌ အမှန်တကယ် နေထိုင်ပြီး သူမ၏ မိခင် ဆုံးပါးသွားသည်မှာ ရက်ပိုင်းမျှသာ ရှိသေးကြောင်း သိရလေ၏။

အင်စပက်တော်လှမိုးသည် စောသီတာ၏ အမှုနှင့်ပတ်သက်ပြီး ခေါင်းထဲတွင် ရှုပ်ထွေးသွားလေ၏။ ယခု လောလော ဆယ် စောသီတာ ဆိုသော မိန်းကလေးသည် နှစ်ဦး ဖြစ်နေလေ၏။

စောသီတာသည် ရန်ကုန်မြို့၌ မိုးသူဇာ နံမည်နှင့်နေထိုင်ပြီး နယ်မြို့၌ စောသီတာ အမည်နှင့်နေထိုင်ခြင်းပေ





လော...ထိုသို့တွေးရင်း အင်စပက်တော်လှမိုးသည် တစ်စုံတစ်ခု ကိုဖျတ်ခနဲ တွေးမိလိုက်၏။

ရန်ကုန်မြို့၌ နေထိုင်သော စောသီတာသည် အစစ်အမှန် ဖြစ်ပြီး နယ်မြို့လေး၌ နေထိုင်သော စောသီတာသည် သီးခြား မိန်းကလေး တစ်ယောက် ဖြစ်ပုံရ၏။

အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့၌ နေထိုင်သော စောသီတာကို အစစ်အမှန် ဖြစ်ကြောင်း အတိအကျ ထောက်ခံ နိုင်သော အိမ်နီးချင်း များရှိနေလေ၏။

နယ်မြို့လေး၌ နေထိုင် သော စောသီတာကို အစစ်အမှန် ဖြစ်ကြောင်း ထောက်ခံနိုင်သူရှိမည် မထင်ချေ။

အင်စပက်တော်လှမိုးသည် ထိုအတွေးကြောင့် စိတ်အား တက်ကြွသွားပြီး နယ်မြို့ရှိ သူမ၏ အိမ်နီးချင်း မိန်းမကြီးအား စော သီတာ၏ ခါတ်ပုံကို ပြကြည့်ရာ မိန်းမကြီးက တအံ့တသြနှင့်



www.burmeseclassic.com

www.burmeseclassic.com



"စောသီတာပုံပါလား"

ဟု ရေရွတ်လေရာ အင်စပက်တော်လှမိုးသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

အင်စပက်တော်လှမိုးသည်ပိုမိုပြီးသေချာအောင်နောက်ထပ်အိမ်နီးချင်း လူငယ်တစ်ယောက်ကို ထပ်မံပြကြည့်ရာ စောသီတာပုံဖြစ်ကြောင်းအလွယ်တကူ ပြောဆိုလေ၏။

အင်စပက်တော်လှမိုးသည် မိမိ လိုက်နေသော အမှုကို စိတ်လျှော့ချင်စိတ်ဖြစ်သွားလေ၏။

ထိုအမှုသည်ရှုပ်ရှုပ်လေးနှင့်ရှုပ်ထွေးသော အမှုဖြစ်နေ၏။ စောသီတာသည် အဘယ်ကြောင့်နှစ်ယောက်ဖြစ်နေသနည်း...

နယ်မြို့ရှိ အိမ်နီးချင်းများ၏ ထွက်ဆိုချက်အရ စောသီတာသည် လွန်ခဲ့သောလက မိခင်ကြီး ဆုံးပါးသွား ပြီး နောက်ရန်ကုန်မြို့သို့ ထွက်လာသည် ဆို၏။





ထိုထွက်ဆိုချက်မှာ တရားခံမိန်းကလေး ထွက်ဆိုချက်နှင့် အတူတူပင် ဖြစ်၏။

အင်စပက်တော်လှမိုးသည် အမှုနှင့်ပတ်သက်ပြီး ပိုမိုရှုပ်ထွေးသော သဲလွန်စ များကို တွေ့ရှိပြီး ရန်ကုန်မြို့သို့ ပြန်ရန်ဘူတာသို့ ဆင်းခဲ့၏။

ဘူတာသို့ ရောက်သောအခါ ရထားမဆိုက်သေးသဖြင့် ဘူတာအနီးရှိ ကာကာဆိုင်၌ ထိုင်စောင့်လေ၏။

ထိုသို့ ရထားစောင့်ရင်း စားပွဲပေါ်တွင် တင်ထားသော သတင်းစာ အဟောင်းပုံကြီးကို မြင်တွေ့ပြီး အချိန်ဖြုန်းမယ်ဆို့ လှန်လှော ကြည့်ရှုနေ၏။

ထိုသို့ကြည့်ရှုရင်း သူကြီးဂေဇက် သတင်းစာ အဟောင်း တစ်စောင်ကိုမြင်လေ၏။ သူသည် သူကြီးဂေဇက်သတင်းစာကို လှန်လှော ကြည့်ရင်း တစ်နေရာသို့ အရောက်တွင် ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို တွေ့လိုက်ရသဖြင့် မိမိ မျက်လုံးကိုပင် မယုံနိုင်အောင် ဖြစ်သွားလေ၏။

ထိုကြော်ငြာမှာ တရားခံ မိန်းကလေး ပြောသော အိမ်ငှား ရမ်း လိုကြောင်း ကြော်ငြာ ဖြစ်၏။

ရန်ကုန်မြို့ အမှတ် (၅၄) ဘားလမ်းရှိ သုံးထပ်တိုက်
အပေါ်ဆုံး ထပ်ကို အခွန် သက်သာသော ဈေးနှုန်းဖြင့်
ငှားရမ်းရန်ရှိသည်။ သို့သော် မိန်းကလေး တစ်ယောက်တည်း
ကိုသာ ငှားရမ်းမည် ဖြစ်ကြောင်း စည်းကမ်းသတ်မှတ်ထား
ပါသည်။ အိမ်ငှားလိုသူ သည် အိမ်ရှင်ထံသို့ ကိုယ်တိုင်ဖြစ်စေ
စာဖြင့် ဖြစ်စေ ကြိုတင် အကြောင်းကြားရန် လိုအပ်ပါသည်။

အင်စပက်တော်လှမိုးသည် သတင်းစာပါ ကြော်ငြာကို ကြည့်ပြီး ခေါင်းထဲတွင် ပိုမို ရှုတ်ထွေးသွားပြန်၏။

ရန်ကုန်မြို့၌ အကြိမ်ကြိမ် အထပ်ထပ် ရှာဖွေစဉ်က





သတင်းစာထဲတွင် မမြင်ရသော ကြော်ငြာကို ယခု နယ်မြို့လေး၌ မြင်မတွေ့နေ၏။

သတင်းစာ၏နေ့စွဲကို ကြည့်သောအခါတွင်လည်း နိုဝင်ဘာ ၁၅ ရက်ပင် ဖြစ်နေ၏။ အင်စပက်တော်လှမိုးသည် မျက်မှောင်ကြုတ်ပြီး သတင်းစာကို ကြည့်ရှုလိုက်ရာ အိမ်ငှား ကြော်ငြာသည် ကြော်ငြာ အချပ်ပိုတွင် ပါရှိကြောင်း တွေ့ရ၏။

အင်စပက်တော် လှမိုးသည် သတင်းစာထဲတွင် ပါရှိသော အိမ်ငှားကြော်ငြာကို ကြည့်ပြီး တစ်စုံတစ်ရာကို သဘောပေါက် သွားလေ၏။

တစ်စုံတစ်ယောက်သောသူသည် တရားခံ မိန်းကလေး ကို ကြိုတင် သိမြင်နေပြီး အမှုထဲတွင် ပါဝင်အောင် ကြိုတင် ကြံစည် ထားပုံရ၏။

ထိုသူသည်မည်သူ ဖြစ်မည်နည်း... အင်စပက်တော်



www.burmeseclassic.com

www.burmeseclassic.com



လှမိုးသည် အတွေးမျိုးစုံကို တွေးပြီး စိတ်ရှုပ်ထွေးစွာဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့လေ၏။

အင်စပက်တော်လှမိုး ရန်ကုန်ကိုရောက်တော့ စီအိုင်ဒီသို့ ဝင်ပြီး တရားခံ မိန်းကလေး နှင့်ပတ်သက်ပြီးစုံစမ်းလေရာ စောသီတာပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရ၏။

ဗွာနအုပ် ကိုစိန်မြင့်က

"ကျွန်တော်တို့ ကားဂိတ် သဘော်ဆိပ်တွေမှာ သူ့ကို စောင့်ကြည့်နေတယ်၊ ဒါပေမဲ့ အရိပ်အယောင်တောင် မတွေ့ရဘူး၊ အိမ်နီးချင်းတွေက တရားခံ မိန်းကလေးဟာ သူတို့နဲ့ အဆက်အသွယ် မလုပ်ဘဲ မတူမတန်သလို နေထိုင်တယ်လို့ ပြောတယ်၊ တရားခံ မိန်းကလေးဟာ သေသူကိုမြမောင်နဲ့သာ တွဲသွားတွဲလာ လုပ်လေ့ရှိပြီး သူတို့စုံတွဲဟာ အဆင်ပြေပုံမရဘူး၊ အိမ်ပေါ်ထပ်ကို တက်တဲ့ လှေခါးမှာတောင် မကြာခဏ စကားများ ရန်ဖြစ်လေ့ရှိတယ်လို့ပြောတယ်၊ သူတို့ စကားများ ရန်ဖြစ်တာကို အခန်းတိုင်းက ထောက်ခံကြတယ်၊ ဒါပေမဲ့ ကောင်မလေးရဲ့ အရိပ်အယောင်ကိုတောင်မတွေ့ရတော့ဘူး၊ ကောင်မလေး ရန်ကုန်မှာ မရှိတော့ဘူးနဲ့တူတယ်၊ ဆရာ နယ်မှာ တရားခံ နဲ့ပတ်သက်တဲ့ သဲလွန်စ ရခဲ့ပြီလား"

ဟုမေးမြန်းလေရာ အင်စပက်တော် လှမိုးက သက်ပြင်း ချလိုက်ပြီး

"သဲလွန်စ ရတာမှ မျက်စိလည်အောင်ကို ရတာဗျ၊ ဒီအမှုက ကျုပ်တို့ ထင်တာ ထက်တောင် ပိုပြီး နက်ရှိုင်းနေတယ်၊ နောက်ပြီးတော့ စောသီတာ ဆိုတဲ့ မိန်းကလေးကို တရားခံလို့ ကျုပ်မယူဆတော့ဘူး၊ စောသီတာဟာ အကွက်ဆင်ပြီး တရားခံ လုပ်ခံရတယ်လို့ထင်တယ်"

ဟုပြောလေရာ ဗွာနအုပ် ကိုစိန်မြင့်က မျက်လုံးပြူး







www.burmeseclassic.com

www.burmeseclassic.com



သွားပြီး

"ဟင်…ဒီလောက်လယ်ပြင်ဆင်သွားသလိုထင်ရှားနေတဲ့ အမှုမှာ စောသီတာက တရားခံ မဟုတ်ဘူးလား"

ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက ကိုစိန်မြင့်၏မေးခွန်းကိုမဖြေဘဲ လက်ထဲရှိသူကြီးဂေဇက် သတင်းစာကို ဖတ်နိုင်းလိုက်၏။

ထိုအခါဌာနအုပ်ကိုစိန်မြင့်သည်မင်နီဖြင့်ဝိုင်းထားသော အိမ်ငှါးရမ်းလိုကြောင်း ကြော်ငြာကိုကြည့်ပြီး မျက်လုံးပြူးကာ

"ဟင်…ကျုပ်တို့ရှာတုန်းက ကြော်ငြာကို မတွေ့ပါလား"

ဟုရေရွတ်လေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"ရန်ကုန်မှာ ကြော်ငြာ မတွေ့ပေမဲ့ နယ်မြို့လေးက သတင်းစာမှာကြော်ငြာတွေ့ရတယ်"





ဟုပြောလေရာ ဌာနအုပ် ကိုစိန်မြင့်က ခေါင်းညိတ်ပြီး

"ဒါ…ဘာသဘောလဲဆရာ"

ဟုမေးမြန်းလေရာ အင်စပက်တော် လှမိုးက မျက်မှောင်ကြုတ်ပြီး

"တရားခံ မိန်းကလေးကို လူသတ်မှုထဲမှာ ပါဝင်လာအောင် တမင်တကာ ဖန်တီးထားတယ်လို့ယူဆလို့ရတယ်"

ဟုပြောလေရာ ဌာနအုပ်ကိုစိန်မြင့်က

"ဒါပေမဲ့ လူသတ်မှုဖြစ်ပွားတဲ့ အိမ်ရဲ့ အိမ်နီးချင်းတွေ အားလုံးတရားခံကိုသက်သေခံကြတယ်၊ ဗီယာနာ ကဖေးတိုက် ကမန့်ဆရာတွေကလည်း တရားခံကိုလူတန်းစီနိုင်းတဲ့နေရာက ဆွဲထုတ်နိုင်ကြတယ်"

ဟုပြောလေရာ အင်စပက်တော် လှမိုးက သက်ပြင်းချပြီး

"နယ်မြို့လေးမှာလဲ စောသီတာရဲ့ ဓါတ်ပုံကို အိမ်နီးချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကသက်သေပြနိုင်ကြတယ်"

ဟုပြောလေရာ ဌာနအုပ်ကိုစိန်မြင့်သည် မယုံနိုင်ဟန်ဖြင့် ခေါင်းခါယမ်းပြီး

"အံ့ဩစရာပဲဗျာ..သူဟာ မြို့နဲ့ နယ်မှာ တပြိုင်တည်း ဘာကြောင့် ပေါ်ပေါက်ရတာလဲ"

ဟုရေရွတ်လေ၏။

အင်စပက်တော် လှမိုးက သက်ပြင်းချပြီး

"ဒီအမှုရှုတ်ထွေးနေတာ ဒါကြောင့်ပဲဗျ ၊ဘာပဲဖြစ်ဖြစ် အချိန်တန်ရင်တော့ တရားခံ ဘယ်သူလဲဆိုတာ ရုပ်လုံး ပေါ်လာမှာပါ"

ဟုပြောလေ၏။

ထိုအခါ ဌာနအုပ် ကိုစိန်မြင့်က

"ဆရာပြန်ရောက်တာနဲ့ အတော်ဘဲ ဘုရားဖူး ထွက်သွား





တဲ့ သေသူ ကိုမြမောင်ရဲ့မိဘ နှစ်ပါး ရောက်လာပြီ၊သူတို့သားရဲ့ အလောင်းကို ရင်ခွဲရုံမှာ ကြည့်ချင်လို့တဲ့"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် သေသူ ကိုမြမောင်၏မိဘများကို တွေ့ရှိပြီး မေးမြန်းလိုသဖြင့် ရင်ခွဲရုံသို့ လိုက်ပို့ရန်စောင့်နေလေ၏။

ခဏကြာလျှင် စိတ်သောက ရောက်နေဟန်ရှိသော ကိုမြမောင်၏ မိဘနှစ်ပါး ရောက်ရှိလာ၏။

ရင်ခွဲရုံသို့ရောက်သောအခါ ကိုမြမောင်၏ အလောင်းကို ကြည့်ပြီး မိဘနှစ်ပါးလုံး ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

အတန်ကြာသောအခါမှ ကိုမြမောင်၏ မိခင်က

"ဖြစ်မှ ဖြစ်ရလေသားရယ်...ကျွန်မသားကို ဒီကောင်မက အသက်ရန်ရှာမယ် ဆိုကတည်းက သူနဲ့ဝေးဝေးနေပါလို့ ကျွန်မ ပြောပါတယ်၊ အခုတော့ အသေဆိုးနဲ့ သေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။အင်စပက်တော်လှမိုးသည် ဒေသသူ ကိုမြမောင်၏ အလောင်းကို ကြည့်ရင်း တစ်စုံတစ်ခုကို တွေး မိလေ၏။

ထို့ကြောင့် ကိုမြမောင်၏ မိခင်အား

"အဒေါ်ကို ကျွန်တော် မေးခွန်း နည်းနည်းမေး ချင်လို့ပါ"

ဟုပြောလိုက်ရာ ကိုမြမောင်၏ မိခင်က မျက်နှာ မသာ မယာဖြင့်

"ဘာမေးချင်လို့လဲ မေးပါ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက သူမကို အခန်းတစ်ခုနေရာသို့ ခေါ်ဆောင်သွားပြီး

"ဒီမေးခွန်းကို မေးလို့ စိတ်မရှိပါနဲ့လို့ ကြိုတင် တောင်း ပန်ချင်ပါတယ်၊ ကိုမြမောင်ဟာ အဒေါ်ရဲ့ သားအရင်းဖြစ်ပါ သလား"





ဟုမေးမြန်းလိုက်ရာ ကိုမြမောင်၏ မိခင်က အင်စပက် တော်လှမိုး၏ မျက်နှာကို တစ်ချက်ကြည့်ပြီး ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလေ၏။

အင်စပက်တော်လှမိုးက ဆက်လက်ပြီး

"အဒေါ်ရဲ့လက်ရှိ အမျိုးသားနဲ့ ရတာလား"

ဟုမေးမြန်းလေရာ ကိုမြမောင်၏ မိခင်က

"ဒီမေးခွန်းက ကျုပ်သား အသတ်ခံရတဲ့အမှုနဲ့ သက် ဆိုင်လို့လား"

ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"ဆိုင်ပါတယ်၊ ကျေးဇူးပြုပြီး ကျုပ်မေးခွန်းကို မှန်မှန် ဖြေပေးပါ"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်၏ မိခင်သည် အတန်ကြာအောင် ငြိမ်သက်နေပြီးမှ

"ကျွန်မသားက လက်ရှိအိမ်ထောင်နဲ့ရတာမဟုတ်ပါဘူး။ ပထမအိမ်ထောင်နဲ့ ရတာပါ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်လိုက်ပြီး

"ဒါဆို အဒေါ်ရဲ့ပထမ အိမ်ထောင် အကြောင်းပြောပါဦး"

ဟု မေးမြန်းလေ၏။ ထိုအခါ ကိုမြမောင်၏မိခင်က

"အဒေါ်ရဲ့ ပထမ အိမ်ထောင်ရဲ့ အမည်က ကိုကိုကျော်လို့ခေါ်တယ်၊ ကိုကိုကျော်က အနုပညာသမား စန္ဒားယားဆရာတစ်ယောက်ပေါ့ ၊သူဟာ မျက်နှာဖြူတွေနဲ့ လူကုံထံတွေရဲ့ ညစ်ခံပွဲတွေမှာ စန္ဒယားတီးပြီး ညစ်ခံလေ့ရှိတယ်၊အဒေါ်နဲ့ နှစ်နှစ်လောက်ပဲ ပေါင်းသင်းပြီး ကွဲသွားတာ ဒီနေ့အထိပါပဲ၊ သူ့





အကြောင်းကိုလည်း မကြားတော့ဘူး"

ဟုဖြေလေ၏။

အင်စပက်တော်လှမိုးသည် ကိုမြမောင်၏ မိဘနှစ်ပါးကို ပြန်ပို့ရင်း သဲလွန်စ တစ်ခုကို စဉ်းစားတွေးတောပြီး လိုက်ပါလာလေ၏။

ထိုသဲလွန်စမှာ သေသူ ကိုမြမောင်၏ ရုပ်ရည်သည် ထွက်ပြေး လွတ်မြောက်နေသော တရားခံ စောသီတာနှင့် ဆင်တူနေသည် ဆိုသော သဲလွန်စ ပင်ဖြစ်၏။

သေသူ၏ အလောင်းကို စစ်ဆေးစဉ်က တရားခံ မိန်းကလေးနှင့်ရုပ်ရည်ချင်း ဆင်တူကြောင်း သတိ မပြုမိချေ။ ယခုရင်ခွဲရုံ၌ ကိုမြမောင်၏ နှုတ်ခမ်း ပါးစပ်၊နှာတံတို့ကို သေချာစွာ ကြည့်ရှုသောအခါ စောသီတာနှင့်မောင်နှမကဲ့သို့ ဆင်တူနေကြောင်းတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အထင်ရှားဆုံး ဥပမာမှာ သူတို့နှစ်ယောက်၏ မည်းနက်သော မျက်ခုံးထူထူများ ပင်ဖြစ်၏။

သေသူနှင့်သတ်သူသည် အဘယ်ကြောင့် ရုပ်ချင်းဆင်တူနေသနည်း။သူတို့နှစ်ယောက်သည် မောင်နှမ ရင်းခြာကဲ့သို့ ရုပ်ချင်း ဆင်တူနေ၏၊ အံ့သြဖွယ် ကောင်းလှပေစွ...

* * *



BURMESE CLASSIC .com



စောသီတာသည် ညောင်းတန်းဆိပ်၌ ပုန်းခိုနေရင်း စက်ချုပ်ဆိုင်ရှင် ဒေါ်ကြီးတင်ထံသို့ မကြာခဏ သွားကာ အပ်ထည်များကို ကူညီပြီး ချုပ်ပေးလေ၏။

ထိုသို့ နေထိုင်ရင်း သူမ မွေးနေ့ကျရောက်သောအခါ မိမိ၌ ကြုံတွေ့ရသော ကံကြမ္မာ အညံ့များကို ပြေစေရန် ရွှေဘုန်းပွင့် ဘုရားသို့ သွားပြီး ပန်းရေချမ်း ဆီမီးကပ်လှူရန်



www.burmeseclassic.com

ထွက်ခဲ့လေ၏။

ရွှေဘုန်းပွင့်ဘုရားသို့ ရောက်လျှင် ဘုရားဝတ်ပြု ပုတီး စိတ်ပြီး ပန်းရေချမ်း ဆီမီး ကပ်လှူလေ၏။

သူမသည် ဘုရားခြေရင်း၌ တွေ့ရသော စာကလေးများ ကိုပင် ဝယ်ယူပြီး သက်စေ့လွှတ်ခဲ့လေ၏။

ထိုသို့ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီး စိတ်လက်ပေါ့ပါး သွားသလို ခံစားရလေ၏။

စောသီတာသည် ရွှေဘုန်းပွင့် ဘုရားမှ ပြန်လာပြီးသော အခါ ဒေါ်ကြီးတင်၏ စက်ချုပ်ဆိုင်သို့ ဝင်လေ၏။ ဒေါ်ကြီးတင် သည် စောသီတာကို မြင်သောအခါ အထိတ်တလန့် အမူအရာဖြင့်

"ဟဲ့ကောင်မလေး ငါ့အခုပဲ ညည်းကိုလိုက်ရှာတော့မလို့ ညည်းရောက်လာတာနဲ့အတော်ပဲ"





ဟုပြောလေရာ စောသီတာက မျက်မှောင်ကြုတ်ပြီး

"မထိတ်သာမလန့်သာရှင် ဘာဖြစ်လို့လဲ ဒေါ်ကြီးတင်ရဲ့"

ဟုမေးမြန်းလိုက်ရာ ဒေါ်ကြီးတင်က ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး

"ညည်းကိုပုလိပ်တွေလိုက်ရှာနေတယ်၊ ငါ့ဆိုင်ကိုပုလိပ် တွေ အရင်စုံစမ်းသွားတယ်၊ ငါ့ဆီက ပုလိပ်တွေ အဖြေမရတော့ ညည်းအိမ်ဘက်ကို သွားရှာနေတယ်၊ ပုလိပ်တွေက ညည်းကို လူသတ်မှုနဲ့ ထွက်ပြေးနေတဲ့ တရားခံ လို့ပြောတယ်.. ဟုတ် လားဟင်"

ဟုမေးမြန်းလေရာ စောသီတာသည် ထိုနေရာမှ အမြန်ဆုံးထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် အံကိုကြိတ်ပြီး

"ကျွန်မမှာ အပြစ်မရှိဘဲ မတရား စွပ်စွဲခံရတာပါ..



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တရားခံ အစစ်ကို ရှာဖို့ ကျွန်မ ထွက်ပြေးနေတာပါ၊ ကျွန်မ စကားကို ယုံပါ၊ ကျွန်မ လိမ်မပြောတတ်ပါဘူး"

ဟုပြောလေရာ ဒေါ်ကြီးတင်က ခေါင်းညိတ်ပြီး

"ညည်းရဲ့ ရိုးသားမှုကို ငါယုံပါတယ်၊ လောလောဆယ်တော့ ရှောင်လိုက်ပေဦးတော့ ပုလိပ်တွေ လာတော့မယ်၊ ဒါနဲ့ ညည်းမှာ ရှောင်ပြေးစရာ နေရာမှ ရှိရဲ့လား"

ဟုမေးမြန်းလေရာ စောသီတာက ခေါင်းခါယမ်းပြလိုက်လေ၏၊

ထိုအခါဒေါ်ကြီးတင်က

"ဒါဆိုရင်တော့ ရန်ကုန် တစ်ဘက်ကမ်းက သံလျင်ကိုသွား၊ အဲဒီမှာ ငါ့အစ်မရဲ့ သီလရှင်ကျောင်းရှိတယ်၊ ငါ့အစ်မကို ငါလွှတ်လိုက်တာလို့ပြော"

ဟုပြောလေရာ စောသီတာသည် ပုန်းခိုစရာ နေရာ





တစ်ခုရသွားသဖြင့် စိတ်လက်ပေါ့ပါးသွားလေ၏၊ စောသီတာသည် ရန်ကုန် တစ်ဘက်ကမ်း သံလျင်သို့ ကူးတို့ဖြင့် ကူးသန်းခဲ့လေ၏၊

မိမိ ပုန်းခိုရာ နေရာကို ပုလိပ်များ မည်သို့ စုံစမ်း သိရှိသွားသည် မသိရှေ့...၊



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် ဒေါ်ကြီးတင် ပေးလိုက်သော လိပ်စာအတိုင်း သွားလေရာ ဒေါ်ကြီးတင်၏ အစ်မ သီလရှင် ဆရာမကြီး ဒေါ်ကလျာ၏ ကျောင်းသို့ရောက်လေ၏။ ဒေါ်ကလျာ၏ကျောင်းတွင် သီလရှင်သုံးပါးသာ ရှိလေ၏။

ဒေါ်ကလျာသည်စောသီတာကို ကျောင်းအနောက်ဘက်ရှိ အဆောင်ငယ်လေး၌ နေရာချပေးလေ၏။





စောသီတာသည် ပုလိပ်များ မိမိကို ခြေရာခံ မမိစေရန် တတ်နိုင်သမျှ သိုသိုသိပ်သိပ် နေထိုင်လေ၏။

သီလရှင် ဆရာမကြီး ဒေါ်ကလျာသည် စောသီတာ၏ နောက်ကြောင်းကို မေးမြန်းခြင်း မရှိဘဲ အေးချမ်းစွာ နေထိုင်စေ၏။ စောသီတာသည် သံလျင်သို့ ရောက်တုန်း ရောက်ခိုက် သမိုင်းဝင် ကျိုက်ခေါက်ဘုရားကြီးအား သွားရောက် ဖူးမျှော်ရန် အတွက် သီလရှင်များ ဆွမ်းခံထွက်သည့်နေ့တွင် လိုက်ပါလာခဲ့၏။

စောသီတာသည် သီလရှင်များ ဆွမ်းခံ ထွက်သွားသော အခါ ကျိုက်ခေါက်ဘုရားပေါ်တွင် ပုတီး စိတ်ရင်း ကျန်ရစ်ခဲ့၏။ ထိုအခိုက်မှာပင် ကျိုက်ခေါက်ဘုရား ရင်ပြင်ပေါ်သို့ တက်လာသော မိန်းမကြီး တစ်ယောက်သည် စောသီတာကို အံ့သြဟန် ဖြင့် ကြည့်ပြီး အနီးသို့တိုးကပ်လာကာ

———— စေတနာစာပေ ————

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း..မိုးသူဇာ သမီးနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ရတာ ဝမ်းသာဖို့ကောင်းလိုက်တာ"

ဟု ပြောလေရာ စောသီတာသည် သူမကို အိမ်ရှင် မိန်းမနှင့်မှားယွင်းကြောင်း ရိပ်စားမိသော်လည်း ငြိမ်သက်စွာနေလိုက်ရာ မိန်းမကြီးက ဆက်လက်ပြီး

"ငါ့ သမီး တော်တော် ပြောင်းလဲ သွားတာပဲ၊ အခုလိုဘာသာတရားကိုင်းရှိုင်း သွားတာ သမီးအမေ သိရင် တော်တော်ဝမ်းသာမှာပဲ"

ဟုပြောလေ၏။ စောသီတာက မိန်းမကြီးကို ဟန်မပျက်ဆက်ဆံရန် ဆုံးဖြတ်လိုက်ပြီး

"ဒီလိုပဲပေါ့ အဒေါ်ရယ်..သမီး အသက်လည်းငယ်တော့တဲ့ အရွယ်မှ မဟုတ်တာ၊ လိမ္မာရတော့မှာပေါ့"

ဟုပြောလေရာ မိန်းမကြီးက ခေါင်းညိတ်လိုက်ပြီး





"ဒါပေါ့ သမီးရယ်..သမီး အခုလို လိမ္မာသွားတာ သမီးအမေ မြင်ရင် ဝမ်းသာလို့ ဆုံးမှာ မဟုတ်ဘူး၊ သမီးအမေနဲ့ သွားတွေ့လိုက်ပါလား.."

ဟုတိုက်တွန်းလေရာ စောသီတာက မိန်းမကြီး၏မျက်နှာကို ကြည့်ပြီး

"အမေ သမီးကို စိတ်ဆိုးနေမယ် ကင်တယ်.."

ဟုပြောလိုက်ရာ မိန်းမကြီးက သက်ပြင်းချပြီး

"သားသမီးကို မိဘ စိတ်ဆိုးလဲ ခဏ ပါပဲကွယ်.. သမီးအမေလည်းအခုဆိုရင် မော်ဘီမှာ အကြားအမြင် ဆရာမကြီးဒေါ်သီရိဆိုပြီး တော်တော် နံမည်ကြီးနေပြီ.သူ့ကိုမှန်တယ် ဆိုပြီးမေးချင်တဲ့သူတွေတစ်ပုံကြီးပဲ"

ဟုပြောလေရာ စောသီတာသည် အိမ်ရှင် မိန်းမ၏သဲလွန်စကို ရလိုက်သဖြင့် အလွန် စိတ်လှုပ်ရှားသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိန်းမကြီးကို မိခင်နှင့်သွားရောက်တွေ့ဆုံမည်ဟုဟန်မပျက်ပြောဆိုပြီးလမ်းခွဲထွက်ခဲ့လေ၏။

အိမ်ရှင် မိန်းမ၏ မိခင်သည် သက်ရှိ ထင်ရှားရှိနေပြီး မော်ဘီမြို့၌ အကြားအမြင်ဆရာမအဖြစ် အသက်မွေး ဝမ်းကြောင်း နေပုံရ၏။

စော်သီတာသည် မိမိရရှိသော သဲလွန်စ အနောက်သို့ အမြန်ဆုံးလိုက်ရန် ဆုံးဖြတ်လိုက်၏။

⊙ ❀ ❀





အင်စပက်တော်လှမိုးသည် ဌာနအုပ် ကိုစိန်မြင့်ထံမှ တရားခံမိန်းကလေး၏ သဲလွန်စ တစ်ခုကိုမမျှော်လင့်ဘဲရလိုက်လေ၏။

ကိုစိန်မြင့်က

"အရေးကြီးတဲ့ သဲလွန်စ တစ်ခုကို ရပြီဆရာ..တရားခံ မိန်းကလေးရဲ့အမေက မော်ဘီမှာ အကြားအမြင် ဆရာမတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တရားခံရဲ့အိမ်နီးချင်း နတ်ကတော် ဒေါ်ပွင့် ဆိုတဲ့ မိန်းမဆီက သိရတာ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက

"ဖြစ်နိုင်ပါ့မလားဗျ တရားခံဟာ အိမ်နီးချင်းတွေနဲ့ ဆက်ဆံလေ့မရှိဘူး၊ သူနဲ့စကားဟက်ဟက်ပက်ပက်ပြောဖူးတဲ့ သူတောင် မရှိဘူး"

ဟုပြောလေ၏။

ဌာနအုပ် ကိုစိန်မြင့်က

"ဒီလိုဗျ…နတ်ကတော် ဒေါ်ပွင့်ဟာ မော်ဘီမှာ နံမည်ကြီး နေတဲ့ အကြားအမြင် ဆရာမ ဒေါ်သီရိနဲ့ သွားတွေ့ပြီး ဒေါ်သီရိရဲ့ အိမ်မှာ တရားခံ မိန်းကလေးရဲ့ဓါတ်ပုံကိုတွေ့လို့မေးကြည့်တော့ သူ့သမီး ဆိုတာ သိလိုက်ရတယ်"

ဟုပြောလေ၏။





အင်စပက်တော်လှမိုးက ခေါင်းညိတ်ပြီး

"ဒါဟာ သိပ်ကောင်းတဲ့ သဲလွန်စပဲ၊ သူ့အမေဆီကို ကျုပ် ချက်ချင်း လိုက်သွားမယ်"

ဟုပြောကာ စကားဆုံးသည်နှင့်မော်ဘီမြို့သို့ ချက်ချင်း ထလိုက် သွားလေ၏။

မော်ဘီမြို့သို့ ရောက်သောအခါ အကြားအမြင် ဆရာမကြီး ဒေါ်သီရိသည် မြို့နှင့်ခပ်လှမ်းလှမ်းတွင် ရှိသော ရှေး ဆန်ဆန် အိမ်ကြီး၌ နေထိုင်ကြောင်း သိရ၏။

ဒေါ်သီရိသည် သူမကိုအလုပ်အကျွေးပြုသော မိန်းမကြီး တစ်ယောက်နှင့်အတူ နေထိုင်လေ၏။

အင်စပက်တော် လှမိုးသည် ဒေါ်သီရိနှင့်တွေ့သောအခါ မိမိကိုယ်မိမိ စုံထောက် အင်စပက်တော် တစ်ယောက်ဖြစ် ကြောင်း မိတ်ဆက်လိုက်ရာ ဒေါ်သီရိက မျက်မှောင်ကြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး

"စုံထောက်တစ်ယောက်နဲ့ ပတ်သက်စရာ အကြောင်း မရှိတဲ့အတွက် သမီးမိုက်နဲ့ ပတ်သက်ပြီး ရောက်လာပုံရတယ်"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးက ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ် ဆရာမကြီး အနှောက်အယှက် ဖြစ်သွား ရင် ခွင့်လွှတ်ပါ"

ဟုပြောလေရာ ဆရာမကြီးက

"ရပါတယ် မေးစရာ ရှိတာမေးပါ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက တရားခံ မိန်း ကလေး ကျူးလွန်သော ပြစ်မှုများကို ဆရာမကြီးအား ပြောပြ လေ၏။

ဆရာမကြီးက သမီးဖြစ်သူ ကျူးလွန်သော ပြစ်မှုများကို





စိတ်မသက်သာ ဟန်ဖြင့် နားထောင်ပြီး

"သူဒီလောက်တောင် ဆိုးဝါးသွားပြီပေါ့..ဒါကြောင့်လဲ သူ့ရဲ့ကိုယ်ယောင်ကိုယ်ဝါတွေ ဒီလောက်ဆိုးဝါး နေတာကိုး"

ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးက ဆရာမကြီးကို နားမလည်ဟန်ဖြင့်ကြည့်လိုက်လေ၏။

ထိုအခါ ဆရာမကြီးက

"ဆရာမကြီးရဲ့ပညာအရ လူမှာ ထွက်ပေါ်နေတဲ့ ကိုယ် ရောင်ကိုယ်ဝါကို ကြည့်ပြီး လူ့ရဲ့အနာဂါတ်ကို ဟောပြောလေ့ ရှိတယ်၊ လူတိုင်းလူတိုင်းဟာ ကိုယ်ရောင်ကိုယ်ဝါ ဆိုတာရှိတယ်၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပတာနဲ့ မှေးမှိန်တာတော့ ကွာခြား တယ်၊ ကျန်းမာရေး မကောင်းတဲ့ လူ့ရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ မှေးမှိန်လေ့ရှိတယ်၊ မြင့်မြတ်တဲ့သူနဲ့ ယုတ်နိမ့်တဲ့ သူ့ရဲ့ ကိုယ် ရောင်ကိုယ်ဝါဟာလည်း ကွာခြားမှုရှိတယ်၊ မြင့်မြတ်သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရောင်ဟာ အဝါရောင် ရှိပြီး ယုတ်နိမ့်သူရဲ့ ကိုယ်ရောင်ဟာ မည်းညစ်ညစ်ရှိတယ်၊ သမီး မိုးသူဇာရဲ့ ကိုယ်ရောင်ဟာ တစ်ချိန်လုံး မည်းညစ်ညစ်ရှိနေတဲ့အတွက် သူ့ကို ငယ်ရွယ်စဉ်ကတည်းက စိုးရိမ် နေခဲ့တယ်၊ သူဟာ မိဘစကားကို ဘယ်တော့မှ နားမထောင်ဘဲ လောကကြီးကို မကျေမနပ် ဖြစ်နေခဲ့တယ်၊ သူဟာ မကောင်းမြင်သမား စစ်စစ်တစ်ယောက်ပဲ၊ လူ နှစ်ယောက်ဟာ ရှုခင်းတစ်ခုကို တစ်ပုံစံတည်း မြင်နေပေမဲ့ ရှုမြင်ပုံအရ ခံစားမှု ကွာခြားသွားသလိုပေါ့၊ တစ်ဦးက ကောင်းကင်ကကြယ်ကိုမြင်ပေမဲ့ တစ်ဦးက မြေကြီးထဲက ရွှံ့ကို မြင်ရ သလိုပါပဲ၊ ဆရာမကြီး သမီးဟာ မိဘရဲ့ ဆိုဆုံးမမှုကို လက်မခံဘဲ ကောလိပ်ကျောင်း တစ်ဝက် တစ်ပျက်နဲ့ ထွက်ပြီး ထင်ရာစိုင်းနေခဲ့တယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး





"ဆရာမကြီးနဲ့ သမီး အဆက်အသွယ် မရှိတာ ဘယ်နှစ်နှစ်လောက် ရှိပြီလဲ"

ဟုမေးမြန်းလေရာ ဆရာမကြီးက သက်ပြင်းချပြီး

"၆ နှစ် ၇ နှစ်လောက် ရှိပြီ၊ ကောလိပ်ကျောင်း ဆက်တက်ဖို့ အငြင်းပွားပြီးတဲ့ နောက်ပိုင်းမှာ အဒေါ်ဆီကို သူ မလာတော့ဘူး၊ သူဟာ မိခင်မေတ္တာကိုလည်း အယုံအကြည် ရှိပုံမရဘူး"

ဟု စိတ်မသက်သာဟန်ဖြင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမိုးက ဆရာမကြီးကိုအရေးအကြီးဆုံး မေးခွန်း တစ်ခု မေးမြန်းရန် ကြိုးစားလိုက်၏။

"ဆရာမကြီးရဲ့အိမ်ထောင်အကြောင်းပြောလို့ရရင်ပြော ပေးပါ"

ဟုမေးမြန်းလေရာ ဒေါ်သီရိက အဝေးဆီသို့ငေးကြည့်ပြီး

"ဆရာမကြီးရဲ့ အိမ်ထောင်ရေး ကံမကောင်းခဲ့ဘူး၊ ဆရာ မကြီးရဲ့အိမ်ထောင်ဘက်ကို မန္တလေးမှာ တွေ့ဆုံခဲ့တယ်၊ သူဟာ





ပိုးကုန်သည် တစ်ယောက်လို့ ဆိုပေမဲ့ ပိုးကုန်သည် အလုပ်ကို ဖိဖိစီးစီး မလုပ်ကိုင်ဘဲ စန္ဒယား တစ်လက်နဲ့ အချိန်ဖြုန်းနေတာ များတယ်၊ သူဟာ အနုပညာ ဝါသနာပါလို့စန္ဒယားတီးနေတာ မဟုတ်ဘူး၊ စန္ဒယားကိုအယောင်ပြပြီးမိန်းကလေးတွေနဲ့ရှုပ်ပွေ နေတာများတယ်၊ ဒီအကြောင်းတွေကြောင့်ပဲ အဒေါ်တို့ အိမ် ထောင်ရေးဟာ အချိန်တိုလေး အတွင်းမှာ ပြိုကွဲ သွား ခဲ့တယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် ဒေါ်သီရိ၏ မျက်နှာကို စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်ပြီး

"အဒေါ်ရဲ့အမျိုးသားနံမည်က ဘယ်လိုခေါ်သလဲ"

ဟုမေးမြန်းလေ၏၊ ဒေါ်သီရိက

"သူ့နံမည်က မန္တလေးမှာ ပိုးကုန်သည် ကိုစည်သူလို့ လူသိများတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် အလိုမကျ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် ခေါင်းခါယမ်းပြီး

"အဒေါ် ယောကျ်ားမှာ ကိုစည်သူ အပြင် အခြား နံမည် တစ်ခုရှိသေးလား"

ဟုမေးမြန်းလိုက်ရာ ဒေါ်သီရိက သက်ပြင်းချပြီး

"သူ အဒေါ်နဲ့ ကွဲသွားပြီး နောက်ပိုင်းမှာ ပိုးကုန်သည် အလုပ်ကို စွန့်လွှတ်ပြီး စန္ဒယား သမားယောင်ယောင် ဘာယောင်ယောင် လုပ်ပြီး စန္ဒယားကိုကိုကျော် ဆိုပြီး လူသိများ ထင်ရှားလာတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက ဒေါ်သီရိကို ကြည့်ပြီး

"တစ်မျိုးတော့ မထင်ပါနဲ့ အဒေါ်.. အဒေါ်နဲ့အဒေါ် ယောကျ်ားရဲ့နောက်ကြောင်းကို တိတိကျကျ ပြောလို့ရရင် ပြောပြပါလား"





ဟုမေးမြန်းလေရာ ဒေါ်သီရိက သက်ပြင်းချပြီး

"အဟောင်းတွေ အသစ်ဖြစ်မှာ စိုးလို့ ဒီလူယုတ်မာရဲ့ နောက်ကြောင်းကို အဒေါ် ပြန်မပြောချင်ဘူး"

ဟုပြောရင်း အဝေးဆီသို့ ငေးကြည့်ကာ

"အဒေါ်တို့မိဘတွေကမနလေးက ကုန်သည် မျိုးရိုးတွေပါ..အဒေါ်ငယ်စဉ်က မိဘတွေက အမြင်ကျယ်တော့ မန္တလေး ဓအေဘီအမ် ကျောင်းမှာ ဘော်ဒါ ထားပေးတယ်..အဒေါ်နဲ့ ကိုစည်သူ တွေ့ကြတာက ပိုးကုန်သည် အဖြစ်တွေ့ကြတာ.. အဲဒီတုန်းက အဒေါ်တို့က ဆွေမျိုးတွေ စုနေတော့ အိမ်မှာ မိန်းကလေးတွေ ပေါတယ်..ကိုစည်သူဟာ အဒေါ်တို့ တိုက်ကို ပိုးထည်တွေလာပြရင်းနဲ့ အဒေါ်နဲ့ ရင်းနှီးသွားတယ်.. အဒေါ်တို့က အပျိုပေါက် အရွယ် ကွန်ဗင့်ကျောင်းသူ ဆိုတော့ လှချင်ပချင်တယ်..ကိုစည်သူက ဒါကို အခွင့်အရေး ယူပြီး ဘိလပ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချေတွေ ကြည့်ချင်ရင် မန္တလေး ဈေးချိုတော်အနီးက အိမ်ကို လာခဲ့ဖို့ ပြောတယ်..အဒေါ်လဲ မျက်နှာချေတွေ ကြည့်ချင်လို့ သူပြောတဲ့ အိမ်ကို အရဲစွန့်သွားတယ်..အဲဒီမှာ ထောင်ချောက်ထဲ ဝင်ပြီး သူနဲ့ ညားတော့တာပဲ..အဲဒီတုန်းက အဒေါ် အသက်က ၁၆ နှစ်ပဲ ရှိသေးတော့ ရှူးရှူးမိုက်မိုက် အရွယ်ပေါ့..

ကျောင်းပညာတစ်ပိုင်းတစ်စနဲ့သူနောက်ကိုကောက်ကောက်ပါ သွားတော့ မိဘတွေ ရင်ကျိုးတော့တာပေါ့..တကယ်တော့ ကိုစည်သူဟာ အလုပ်ကိုလက်ကျောတင်းအောင် လုပ်ချင်တဲ့ သူမဟုတ်တော့ ပိုးကုန်သည် အလုပ်ကိုလဲ စွဲစွဲမြဲမြဲ မလုပ်ကိုင်ဘူး..ဒါကြောင့် အဒေါ်ကိုယ်တိုင် အိမ်ရဲ့ စီးပွားရေးအတွက် ရှာဖွေခဲ့ရတယ်.. အဒေါ်ဟာ ပထမတော့ မန္တလေးက ထီ တွေ ဝယ်ပြီး တောင်ကြီး တက်ရောင်းတဲ့ အလုပ်ကို လုပ်တယ်.. ပြီးတော့ တောင်ကြီးက ဆွယ်တာတွေ ဝယ်လာပြီး မန္တလေးမှာ





ပြန်ရောင်းတယ်..ဒီလိုနဲ့ အမြတ်အစွန်းလေးတွေ တော်တော်ရလာတော့ အဒေါ်ဟာ အလုပ်ပြောင်းဖို့ ပြင်တယ်..အဒေါ် မန္တလေး အေဘီအမ် ကျောင်းတက်တုန်းက ဇာထိုးပန်းထိုး သင်ရတယ်..ဇာထိုးပန်းထိုးကို ဝါသနာပါလို့လည်း ကျွမ်းကျွမ်းကျင်ကျင် ထိုးတတ်တယ်..ဒါကြောင့် ဆွယ်တာ ထိုးတဲ့ အလုပ်ကို လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်..ဆွယ်တာ လုပ်ငန်း လုပ်တဲ့အခါမှာ အဒေါ်ဟာ ပညာတတ်တစ်ယောက်ပီပီ ဘိလပ်က စာအုပ်တွေ ကြည့်ထိုးတော့ အဒေါ် ဆွယ်တာ ဒီဇိုင်းတွေက အမြင်ဆန်းပေမဲ့ အများအမြင်မှာ တစ်ဘာသာ ဖြစ်လို့ ရှေးရိုးဆန်တဲ့ လူတွေကြားမှာ နံမည် မရခဲ့ဘူး....တစ်နေ့တော့ ပုလိပ်မင်းကြီး ကတော်ဟာ နွေရာသီ အပူရှောင်ဖို့ မေမြို့ကို တက်လာရင်း အဒေါ်ရဲ့ ဆွယ်တာတွေကို သဘောကျပြီး အများကြီး ဝယ်သွားတယ်...ဒီအချိန်က စပြီး အဒေါ်ရဲ့ ဆွယ်တာတွေ

www.burmeseclassic.com



လူကြိုက်များ လာတယ်..ဒီလိုနဲ့ ဆွယ်တာထိုးတဲ့ အလုပ်မှာ နံမည်ရလာတော့ မိန်းကလေး နှစ်ယောက် သုံးယောက်ကို ခေါ်ပြီး အတူတူ လုပ်ခဲ့တယ်..ကိုစည်သူ ကတော့ လူပျင်းပီပီ သောက်စားမှုးယစ်နေတယ်.. တစ်နေ့တော့အဒေါ်ရဲ့ဆွယ်တာ လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့ မစန်းမြင့်ဆိုတဲ့ မိန်းကလေးဟာ အဒေါ်ဆီကို ငိုကြီးချက်မနဲ့ ရောက်လာပြီး သူ့ကို ကိုစည်သူ အရက်မူးပြီး စော်ကားမော်ကားပြုကြောင်း ပြောတယ်..ပထမ တော့ အဒေါ်ဟာ ကိုစည်သူ ဒီလောက် ယုတ်မာမယ်ဆိုတာ မထင်လို့ မစန်းမြင့်ကို ကြိမ်းမောင်းပြီး အလုပ်က ထုတ်ပစ် လိုက်တယ်..နောက် အချိန်အတော်ကြာတော့ ဆွယ်တာ ဝယ်နေကျ ဖောက်သည် ရှမ်းမကြီးက ကိုစည်သူနဲ့ မစန်းမြင့် ကိုမန္တလေးဝင်းလိုက်ဓာတ်ရှင်ရုံမှာ တွေ့တယ်လို့ပြောတယ်.. ကြားကာစ နားထဲမှာ မယုံနိုင်ဘူး...နောက်တော့ ကိုစည်သူ





အိမ်ပြန်မလာတော့မှ ဖောက်ပြန်သွားပြီဆိုတာ သိလိုက် တယ်..ယောကျ်ားတန်မဲ့ မိန်းမလုပ်စာကို စားပြီး ရက်ရက်စ က်စက် လုပ်သွားတာအဒေါ်တစ်သက်မမေ့ဘူး..သူနဲ့ပြန်မဆုံ တော့ဘူးလို့ ဆုံးဖြတ်ထားပေမဲ့ ၆လ လောက်အကြာမှာ သူပြန်ရောက်လာပြီး သူမှားပါပြီလို့ ဝန်ခံတယ်..အဒေါ်တို့ မြန်မာမိန်းကလေးတွေဟာ တစ်လင်ကနေ နှစ်လင် မပြောင်း ချင်တဲ့အတွက် သူ့ကို သည်းခံပြီး ပြန်ပေါင်းတယ်..ဒါပေမဲ့ အဒေါ်ရင်ထဲမှာတော့ သူ့ကို အလေးအမြတ် မရှိတော့ပါဘူး... သူဟာ ခွေးမြီးကောက်ကျည်တောက်စွပ်သလိုပါပဲ..ဆွယ်တာ ယူနေကျ ဖောက်သည် ရှမ်းမ တစ်ယောက်နဲ့ ဖောက်ပြန်ပြီး အိမ်က တစ်နှစ်လောက် ပျောက်သွားပြန်တယ်.. သူပြန်လာတဲ့ အချိန်မှာ အဒေါ်ဟာ ရင်နာလွန်းလို့ သူ့ကို ယောကျ်ားအနေနဲ့ အသိအမှတ် မပြုတော့ဘူး..သူကတော့အလေးအနက် မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



သောက်စားမှုးယစ် နေတုန်းပဲ.. သူဟာ စီးပွားမယ်မယ်ရရ မလုပ်ဘဲမိန်းမပွေနေတာနဲ့ အဒေါ်တို့ စီးပွားရေး ကျဆင်းခဲ့ရ တယ်၊ ကိုစည်သူဟာ မိန်းမ တကာနဲ့ ဖောက်ပြားပြီး သစ္စာမဲ့ နေလို့အဒေါ်ဟာ မျက်ရည်နဲ့ မျက်ခွက်ဖြစ်ခဲ့ရတယ်၊သူလုပ်ပုံ မဟုတ်လို့ ပြောပြန်ရင်လည်း အဒေါ်ကို ရက်ရက်စက်စက် ရိုက်နက်တတ်တယ်၊ ဒီအကြောင်းတွေကို အဒေါ် မိဘတွေ ကြားပြီး ဝမ်းနည်းတဲ့ စိတ်နဲ့ ရှေ့ဆင့် နောက်ဆင့် ဆုံးပါး သွားခဲ့တယ်၊ နောက်တော့ အဒေါ်အစ်ကိုကြီးက သနားပြီး သူပိုင်တဲ့မဟာမြိုင် အိမ်ကြီးမှာနေထိုင်ဖို့အဒေါ်တို့ လင်မယား ကို ခေါ်ယူခဲ့တယ်..ကိုစည်သူဟာ စီးပွားပျက်နေတဲ့ အချိန် ဖြစ်လို့ အစ်ကိုကြီးရဲ့ မဟာမြိုင် အိမ်ကြီးမှာ လိုက်နေခဲ့တယ်.. အဒေါ်ဟာ အစ်ကိုကြီးတို့ လင်မယားရဲ့ စောင်မ ကြည့်ရှုမှု ကြောင့် အေးအေးချမ်းချမ်း နေထိုင်ခဲ့ရတယ်.. ဒါပေမဲ့ ခွေးမြီး





ကောက် ကျည်တောက်စွပ်တဲ့ ကိုစည်သူကတော့ သူ့အကျင့် စရိုက်တွေကို မပြောင်းနိုင်ခဲ့ဘူး..သမီး မိုးသူဇာရဲ့ ကိုယ်ဝန်ကို လွယ်ထားတဲ့အချိန်မှာ အင်မကန် ယုတ်မာတဲ့စရိုက် သဘာဝ ပြန်ပေါ်လာတယ်...သူဟာ အဒေါ်တို့ အိမ်မှာ နိုင်းစေထားတဲ့ အစေခံ မိမိုးကို ရိသဲ့သဲ့ လုပ်တယ်၊ မိမိုးဟာ အဒေါ်တို့ မိဘတွေ ရှိစဉ်ကတည်းက နိုင်းစေဖို့ မွေးမြူထားတဲ့ အစေခံ မိန်းကလေး ပါ..သူဟာ အစေခံကိုတောင် ချမ်းသာမပေးတဲ့အတွက် အဒေါ်ဟာ အမျိုးတွေ အလယ်မှာ အရှက်ရခဲ့တယ်.. တစ်ည တော့ ကိုစည်သူကို အစေခံ မိန်းကလေးရဲ့ခြင်ထောင်ထဲမှာ ပက်ပင်းမိတယ်..အဲဒီတုန်းက အဒေါ်ဟာ ရှက်လွန်းလို့ ကိုယ့် မျက်နှာကို ဓားနဲ့ လှီးပစ်ချင်တယ်... အရှက်မရှိတဲ့ ကိုစည်သူ ကတော့ သူမှားယွင်း ကြောင်း ဝန်ခံပြီး နောက်ဒီလို မကျူးလွန် တော့ဘူးလို့ ကတိတွေအကြိမ်ကြိမ် ပေးတယ်.ဒါပေမဲ့ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး တစ်ကြိမ် ထပ်ပြီး လုပ်သွားတာကတော့ ခွင့်လွှတ်နိုင်စရာအကြောင်းမရှိတော့ဘူး..သူဟာ အစ်ကိုကြီး ပလောင်ရွာတွေမှာ လက်ဘက်ခူး သွားတဲ့ အချိန်မှာ အစ်ကိုကြီး မိန်းမကိုအတင်းအဓမ္မ စော်ကားဖို့ကြိုးစားတယ်..အစ်ကိုကြီးမိန်းမဟာသူ့ကို အတန်တန် ငြင်းဆန်ပေမဲ့ နောက်ဆုံးမှာ သူ့ထောင်ချောက်ထဲ ကျသွားတယ်..အစ်ကိုကြီးပလောင်ရွာကပြန်လာတော့ အစ်ကိုကြီးမိန်းမကို သူခိုးသွားပြီ..အစ်ကိုကြီးဟာ မိန်းမစိတ်နဲ့ပဲ အိပ်ရာထဲ ဗုန်းဗုန်းလဲရာက အဒေါ်သမီး မိုးသူဇာအခါလည်း သမီးအရွယ်လောက်မှာပဲ အစ်ကိုကြီး သေဆုံးခဲ့တယ်.. အဒေါ်ဟာ သမီးမွေးတဲ့ နေ့က သမီးမျက်နှာကို ပထမဆုံး စမြင်တော့ တုန်လှုပ်ချောက်ချား သွားတယ်.. အဒေါ်သမီးရဲ့ ရုပ်ရည်က သူ့အဖေ လူယုတ်မာနဲ့ တစ်ပုံစံတည်းပဲ.. ဒီလိုနဲ့အဒေါ်ဟာ စိတ်ဆင်းရဲလွန်းလို့ ဘာသာရေးတွေ ဇိလုပ်ပြီးပဲခူး





ဒေးစွန်ပါဘုရားမှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး တစ်ယောက်နဲ့ဆုံခဲ့ရတယ်..ဒီပုဂ္ဂိုလ်ကြီးက အဒေါ်ရဲ့လိပ်ပြာ လုတယ် ဆိုပြီးကျင့်စဉ်တွေ အမိဋ္ဌာန်တွေ ဝင်နိုင်းပြီး အကြားအမြင်တွေဟောနိုင်းတယ်..အဒေါ်လည်းစမ်းသပ်ပြီး ဟောပြောရာကတဖြည်းဖြည်း လူရဲ့ကိုယ်ယောင်ကိုယ်ဝါတွေကို မြင်လာခဲ့တယ်..ဒီအချိန်ကစပြီး အကြားအမြင် ဟောတဲ့ အလုပ်ကိုလုပ်ဖို့ မဟာမြိုင်အိမ်ကြီးကနေ မော်ဘီမြို့နွန်ကို ပြောင်းရွှေ့လာခဲ့ ရတာပဲ.. အဒေါ် ဘဝမှာ ကျင့်စဉ်တွေ အမိဋ္ဌာန်တွေဝင်နေတာနဲ့ အဒေါ်သမီး မိုးသူဇာကို အထိမ်းမိန်းမကြီး ဒေါ်အိုစာနဲ့ပဲ ထားခဲ့တာများပါတယ်..သမီး မျက်နှာဟာ အဖေနဲ့တူလွန်းလို့ အဒေါ်သူ့မျက်နှာကို မကြည့်ချင်တာလဲ ပါမယ်ထင်တယ်..သမီးဟာ ကျောင်းစာမှာ ထွန်းထွန်း ပေါက်ပေါက်ရှိပေမဲ့ အထီးကျန် နေတတ်ပြီး လောကကြီးကိုအမြဲ အလိုမကျ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတတ်တယ်.. မိဘကိုလဲ ချစ်ခင် မြတ်နိုး ဟန်မရှိဘူး.. အဒေါ်ကို တစ်ချိန်လုံး ကန်လန့် တိုက်ပြီး သူ့နေချင်သလို နေလာခဲ့တယ်.. အဒေါ်တို့ နောက်ကြောင်းကတော့ ဒါပါပဲ"

ဟုပြောရင်း ဒေါ်သီရိသည် သူမ၏ဘဝနောက်ကြောင်းကို အဆုံးသတ် လိုက်လေ၏။

အင်စပက်တော်လှမိုးသည် သဲလွန်စ တစ်ခုကို ရလိုက်သဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏၊ အမှုနှင့်ပတ်သက်သော သဲလွန်စများကို တဖြည်းဖြည်း စုစည်း မိလာ၏၊ ထိုအမှုသည် ထင်ထားသည် ထက်ပင် ပိုမိုပြီး ခက်ခဲ နက်နဲနေလေ၏။

* * *





အင်စပက်တော်လှမိုးသည် ဒေါ်သီရိကို နှုတ်ဆက်ပြီး မော်ဘီမြို့မှ ပြန်လာခဲ့လေ၏။

သူသည် အမှုနှင့်ပတ်သက်သော သဲလွန်စများကို တွေးတောပြီး ကားမောင်းလာရင်း မော်ဘီမြို့စွန်၌ ဘတ်စ်ကား တစ်စီးပေါ်မှ ဆင်းလာသော စောသီတာကို မြင်မိပြီး ကားကို ကွှဲခနဲ မြည်အောင် ဘရိတ်အုပ် လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် မော်ဘီမြို့သို့ အိမ်ရှင် မိန်း ကလေး နှင့်ပတ်သက်သော သဲလွန်စကို ရှာဖွေရန် ရောက်ရှိလာခြင်း ဖြစ်၏။

စောသီတာသည်ကားပေါ်မှ ဆင်းလိုက်စဉ်ကျယ်လောင်သော ကားဘရိတ်အုပ်သံကြောင့် အထိတ်တလန့် ကြည့်လိုက်လေ၏။

ထိုအခါ အင်စပက်တော်လှမိုးကို မြင်တွေ့သွားပြီး လယ်ကွင်းများဘက်သို့ တရှိန်ထိုး ပြေးခဲ့လေ၏။

အင်စပက်တော်လှမိုးသည် စောသီတာ ထွက်ပြေးသွားကြောင်း သတိပြု မိလိုက်သဖြင့် ကားပေါ်မှ ကမန်းကတန်းဆင်းကာ တရားခံ အနောက်သို့ လိုက်ရန် ပြင်လေ၏။

စောသီတာသည် လယ်ကွင်းများ ဘက်သို့ ပြေးရင်း ကွင်းပြင်ကျယ်ကြီး၌ ဇာတ်ရုံ ဖြစ်ဟန်တူသော နေရာ တစ်ခုသို့





ရောက်လေ၏။

စောသီတာသည် ဇာတ်ရုံရှိရာ ဘက်သို့ ပြေးလေ၏။ အင်စပက်တော်လှမိုးသည် စောသီတာ ဇာတ်ရုံဘက်သို့ ဦးတည်ပြေးလွှားကြောင်း တွေ့ရသဖြင့် အနောက်မှ ကမန်းကတန်းလိုက်လေ၏။

စောသီတာသည် အားနွဲ့သော မိန်းမသား တစ်ယောက်ဖြစ်သော်လည်း အလွန်ကျမ်းမာသန်စွမ်းကြောင်း တွေ့လိုက်ရ၏။

စောသီတာသည် ခေါကြာလျှင်ပွဲခင်းထဲသို့ရောက်သွားပြီး ပွဲဈေးအတွင်း၊ လူများ ဟိုဒီသွားလာ နေကြောင်း တွေ့ရ၏။

စောသီတာသည် ပွဲခင်းထဲတွင် ပုန်းခိုရာနေရာ ရှာသော်လည်း မတွေ့သဖြင့် ဆိုင်းသံ ဗုံသံများကြားရာ ဇာတ်ရုံအနောက်သို့ ပြေးလွှားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမိုးသည် စောသီတာပွဲခင်းအနောက်သို့ ပြေးလွှားကြောင့် ရိပ်စားမိသွားပြီး အနောက်သို့ လိုက်ခဲ့လေ၏။

စောသီတာသည် မိန်းကလေးများ အဝတ်လဲရာ အခန်းထဲသို့ပြေးလွှားသွားရာပုဂံအော်ပရာပြဇာတ်အတွက်ဝတ်စုံများ ဝတ်ဆင်နေနိုက်နင့်ကြုံလေရာ မိန်းကလေးများသည် စီခနဲ ညံအောင် အော်ဟစ်လိုက်လေ၏။

စောသီတာသည်အဝတ်လဲနေသောမိန်းကလေးများကို လက်ကာပြပြီး

"ကန်တော့ပါရှင်"

ဟုဆိုကာ အရှေ့ဘက်သို့ ဆက်လက် ပြေးလွှား သွားလေ၏။

အင်စပက်တော်လှမိုးသည် မိန်းကလေးများအဝတ်လဲ





သော အခန်းသို့ ကမ္မးရှူးထိုး ဝင်ရောက်သွားပြန်ရာ မိန်းကလေးများက အထိတ်တလန့် အော်ဟစ်ကြသဖြင့် ကမန်းကတန်း တောင်းပန်ပြီးစောသီတာအနောက်သို့ဆက်လိုက်ရန် ပြင်လိုက်၏။

သို့သော် အင်စပက်တော်လှမိုး၏ အပြုအမူကို မကျေနပ်သော ဇာတ်အဖွဲ့သားများ ဝိုင်းအုံလာပြီး ဆူပူကြိမ်းမောင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌စောသီတာသည် ပြေးလွှားရင်း ကုတီပါ ကားလိပ်များကြားတွင် ဝင်ရောက်ပုန်းခို နေရာမှ အင်စပက်တော်လှမိုးနှင့်ဇာတ်အဖွဲ့သားများ ဆွေးပွက်နေပုံကို မြင်ရသဖြင့်ပွဲခင်းထဲသို့ခြေကုန်သုတ်ပြီးပြေးခဲ့လေ၏။

ပွဲခင်းထဲသို့ ရောက်သောအခါ ကလေးများအား အခကြေးငွေ ယူပြီး မြင်းငှားရမ်းနေသော လူငယ်တစ်ယောက်ကိုတွေ့ရသဖြင့် အကြံရသွားပြီး လူငယ်အနီးသို့ သွားကာ





"ကျွန်မ မြင်းစီးချင်လို့ ရမလား"

မေးမြန်းလိုက်ရာမြင်းပိုင်ရှင် လူငယ်သည်စောသီတာကို အံ့သြဟန်ဖြင့် ကြည့်ပြီး

"ရပါတယ်ဗျာ..ကွင်းတစ်ပတ်ကို တစ်ပြားပါ.."

ဟုဆိုလိုက်ရာ စောသီတာသည် မြင်းပေါ်သို့ ခုန်တွဲ တက်လိုက်ပြီး

"ရော့ ဒီမှာ ပိုက်ဆံ တစ်မူး ကျွန်မတစ်မူးပြည့်အောင်စီးမယ်"

ဟုဆိုကာ မြင်းကို တရှိန်ထိုး စီးပြီး ကားဂိတ်ရှိရာ လမ်းမဘက်သို့ဦးတည် လိုက်လေ၏။

လူငယ်က စောသီတာကို စိတ်မချဟန်ဖြင့် အနောက်မှ ပြေးလိုက်ပြီး

"ဖြည်းဖြည်းစီးပါ၊ ခင်ဗျား မြင်းပေါ်က ပြုတ်ကျ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုသတိပေးလေ၏။

သို့သော် စောသီတာသည် လူငယ်၏ စကားကို ဂရုမစိုက်တော့ချေ....။

သူမအတွက် အင်စပက်တော်လှမိုး လက်မှ လွတ်ရန် အရေးကြီးနေသည်မဟုတ်ပါလား...လူငယ်ကစိတ်မချဟန်ဖြင့် အော်ဟစ်ပြီး အနောက်မှ ပြေးလိုက်လာ၏။

⁂ ⁂ ⁂





ထိုအချိန်တွင် အင်စပက်တော်လှမိုးသည် ဒေါသပုန် ထနေသော ဇာတ်အဖွဲ့သားများအား အင်စပက်တော်အရာရှိ တစ်ဦးဖြစ်ကြောင်း ရှင်းလင်းပြပြီး တရားခံ အနောက်သို့ လိုက်ရင်း ဇာတ်အဖွဲ့အတွင်းသို့ ရောက်ရှိလာကြောင်း ရှင်းလင်းပြလေရာ ဇာတ်အဖွဲ့သားများ ကျေနပ်သွားလေ၏။

စောသီတာသည် မြင်းကြီးကို ဒုန်းစိုင်းပြီး စီးလေရာ မြင်းလိမ္မာကြီး ဖြစ်သဖြင့် ကားဂိတ်ရှိရာ လမ်းမကြီးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



တခဏခြင်းရောက်ရှိသွားလေ၏။

စောသီတာသည် ကားလမ်းပေါ်သို့ ရောက်သည်နှင့် အဝေးပြေးကားကြီး တစ်စီးကို တားပြီး လမ်းကြုံလိုက်ရန် ပြင်လေ၏။

ထိုသို့ပြင်ဆင်ပြီးရင်းအင်စပက်တော်လှမိုး၏ဂျစ်ကားကို လမ်းပေါ်တွင် မြင်သဖြင့် အကြံရသွားပြီး ကားဘီး အားလုံးကို ပြားကပ်သွားအောင် လေကိုလျှော့လိုက်လေ၏။

ထိုအခိုက်မှာပင် အင်စပက်တော်လှမိုးသည် လယ်ကွင်းများကို ဖြတ်ပြီး လမ်းမဘက်သို့ ဦးတည် ပြေးလွှားလာကြောင်း တွေ့ရသဖြင့် ခေါင်းနပန်းကြီး သွားလေ၏။

အင်စပက်တော်လှမိုးသည်လမ်းပေါ်တွင်စောသီတာကို မြင်ရသဖြင့် စိတ်အား တက်ကြွပြီး အားသွန်ခွန်စိုက် ပြေးလွှားလာလေ၏။





စောသီတာသည်မြင်းကြီးပေါ်သို့ပြန်တက်ပြီး ပြေးရမလိုဖြစ်နေ၏။

ထိုအခိုက်မှာပင် ဆန်အိတ်များ တင်ဆောင်လာသော လော်ရီကားကြီး တစ်စီး ရောက်လာသဖြင့် စောသီတာသည် လမ်းကြုံလိုက်ရန် ကားကြီးကိုကမန်းကတန်းတားလိုက်လေ၏။

ထိုအချိန်တွင် အင်စပက်တော်လှမိုးသည် လမ်းမပေါ်သို့ ရောက်ရန် စကန့်ပိုင်းသာ လိုတော့လေ၏။အင်စပက်တော်လှမိုးသည် လော်ရီကား ဒရိုင်ဘာကို အော်ဟစ်တားဆီးရန် ကြိုးပမ်းလိုက်၏။

သို့သော်ဒရိုင်ဘာသည်သူ၏အသံကိုမကြားဘဲ ကားကို မောင်းထွက်လိုက်လေ၏။

အင်စပက်တော်လှမိုးသည် လော်ရီကား အနောက်သို့ ဂျစ်ကားဖြင့် လိုက်ရန် ကြံလိုက်၏။သို့သော် ကားဘီး အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ပြားကပ်နေကြောင်း တွေ့ရသဖြင့် တားကိုသာ ဒေါသတကြီး ခြေဖြင့် ကန်ကျောက်လိုက်လေ၏။

မိမိသည် စုံထောက်ရင့်မကြီး တစ်ဦး ဖြစ်ပါလျက် မိန်းမသား တစ်ယောက်ကိုပင် ရအောင် မဖမ်းနိုင်ချေ.. ရှက်စွယ်ကောင်းလှပေစွ....။ လူအများ ကြားလျှင် လှောင်ရယ် စရာပင်ဖြစ်၏။

တရားခံ မိန်းကလေးသည် သူမ မိခင် ဒေါ်သီရိရှိရာ မော်ဘီမြို့သို့ ပုလိပ်လက်မှ လွတ်အောင်ရှောင်တိမ်း ခြင်းပေလော...စောသီတာသည် တရားခံ အစစ်မဟုတ်လျှင် ဒေါ်သီရိ မော်ဘီမြို့၌ရှိကြောင်း သိစရာ အကြောင်းမရှိချေ။ စောသီတာသည် တရားခံ အစစ်ဖြစ်သောကြောင့် ဒေါ်သီရိကို သိရှိခြင်းပေလော..သို့တည်းမဟုတ် မိမိနှင့်ဆုံတွေ့သော မိန်းကလေးသည် စောသီတာ မဟုတ်ဘဲ အိမ်ရှင် မိန်းမမိုးသူဇာ ပင်ဖြစ်လေ





သလော..မိုးသူဇာလည်း ဖြစ်နိုင် မည်မထင်ချေ။

မိုးသူဇာသည် မိမိကို မြင်သည်နှင့်ခြေကုန်သုတ်ပြီး ပြေးမည် မဟုတ်ချေ။

အင်စပက်တော်လှမိုးသည် တွေးရင်း ခေါင်းနောက်လာသဖြင့် ဆက်မတွေးတော့ဘဲ ကားဘီးများ ဖြုတ်ပြီး အနီးဆုံး လေထိုးဆိုင်၌ လေထိုးရန်ကြံလိုက်၏။

တရားခံ မိန်းကလေးသည် အလွန် မြန်ဆန်ပြီး အကြံအစည်း အမျိုးမျိုးမှ ရှောင်တိမ်းနိုင်သော စွမ်းရည် ရှိလေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် ရန်ကုန်မြို့သို့ လော်ရီကားကြီး ဝင်သည့်နှင့်ကားပေါ်က ဆင်းကာ အငှါးကား တစ်စီးကို ပြောင်းပြီး စီးခဲ့လေ၏။

သူမသည် အိမ်ရှင် မိန်းမ၏မိခင် အကြားအမြင် ဆရာမ ဒေါ်သီရိနှင့်တွေ့ဆုံရန် မော်ဘီမြို့သို့ လိုက်ခဲ့သော်လည်း အင်စပက်တော်လှမိုးက မိမိထက်ဦးနေလေ၏။

စောသီတာ သည် အကြားအမြင်ဆရာမကြီး ဒေါ်သီရိကို နောက်တစ်ကြိမ် သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။





စောသီတာသည် ညောင်တန်းဆိပ်သို့သွားပြီး ဒေါ်ကြီး တင်ထံတွင် ပုလိပ်များ၏ သတင်းကိုစုံစမ်းရန် ထွက်ခဲ့၏၊ ဒေါ်ကြီး တင်၏ဆိုင်ရှေ့သို့ရောက်သောအခါ ဒေါ်ကြီးတင်က စောသီတာ ကိုအထိတ်တလန့်ကြည့်ပြီး

"ဟဲ့..ကောင်မလေး...နင်ရဲလုချည်လားနင်ကိုပုလိပ်တွေ ဒီဆိုင်ကိုအချိန်ပြည့်စောင့်ကြည့်နေတယ်၊နင် သံလျင် ဘက်ကို အမြန်ဆုံးကူးပေတော့ ရန်ကုန်ဘက်မှာ နင့်အတွက် အန္တရာယ် ရှိတယ်"

ဟုပြောပြီး စောသီတာကို သိလရှင် ကျောင်းသို့ ပြန်ရန် ပြောလေ၏။

စောသီတာသည်ဒေါ်ကြီးတင်၏စကားကို နားထောင်ပြီး သံလျင် ဘက်ကမ်းသို့ကူးခဲ့လေ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ဗွာနအုပ်ကို စိန်မြင့်သည် အင်စပက်တော်လှမိုးအား စောသီတာနှင့်ပတ်သက်သော အကြောင်းအရာတို့ကို မေးမြန်းစုံစမ်းလေ၏။

ကိုစိန်မြင့်က

"ဒါဆိုရင် တရားခံ မိန်းကလေးက ဆရာကို မော်ဘီမှာ ပညာပြ သွားတာပေါ့"





ဟုပြောလေရာ အင်စပက်တော်လှမိုးက ခေါင်းညိတ်ပြီး

"အဟုတ်ပဲဗျာ.. မိန်းကလေးက အဇတ် ကျမ်းမာ သန်စွမ်းတယ်၊ ဉာဏ်ရည်ဉာဏ်သွေးလည်းကောင်းတယ်၊ ကျုပ်ဂျစ်ကားဘီးတွေ လေလျော့သွားတာကြည့်လေ.."

ဟုပြောလေ၏။ ဗွာနအုပ်ကိုစိန်မြင့်က ခေါင်းညိတ်ပြီး

" သူဟာ ကောလိပ်ကျောင်းထွက်ဆိုတော့ ဒီလောက်တော့ အကြားအမြင် ရှိတော့မှာပေါ့ဗျာ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"တရားခံပြေး လုပ်နေတဲ့စောသီတာနဲ့ အိမ်ရှင် မိုးသူဇာ တစ်ယောက်တည်း ဆိုတာ ကျုပ်လက်ခံလို့မရတော့ဘူး၊ ဒီအမှုမှာ အင်မတန်ရှုပ်ထွေးပွေလီတဲ့ နောက်ကြောင်းခံ အကြောင်း တစ်ရပ်တော့ ရှိလိမ့်မယ်"

ဟုပြောလေရာ ဗွာနအုပ်ကိုစိန်မြင့်က နားမလည်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး

"စောသီတာနဲ့ မိုးသူဇာဟာ တစ်ယောက်တည်း မဟုတ်ဘူးလားဆရာ"

ဟုမေးမြန်းလေရာ အင်စပက်တော်လှမိုးက ခေါင်းခါယမ်းလိုက်ရင်း

"ကျုပ် လောလောဆယ် စုံစမ်းထောက်လှမ်းလို့ ရသမျှ သဲလွန်စ ကွင်းဆက်တွေအရ သေသူ ကိုမြမောင်ရဲ နဲ့အိမ်ရှင် မိုးသူဇာဆိုတဲ့မိန်းကလေးဟာအဖေတူမအေကွဲမောင်နှမတွေ ဖြစ်နေတယ်၊ ဒါကြောင့် သူတို့ဟာ ရုပ်ချင်း ခပ်ဆင်ဆင် ဖြစ်နေကြတာ"

ဟုပြောလေ၏။ ထိုအခါ ကိုစိန်မြင့်က အံ့သြဟန်ဖြင့်

"ဒါဆိုရင် သူတို့ မောင်နှမချင်း ပြန်သတ်တဲ့ အမှုပေါ့၊ သူတို့ဟာ မောင်နှမတွေ ဖြစ်ကြောင်း သိနေကြတာလား"





ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချလိုက်ပြီး

"သူတို့ မိဘတွေတောင် တစ်ဦးနဲ့ တစ်ဦး မသိကြဘူး၊ သူတို့မိခင်တွေဟာ ယောကျ်ားနဲ့ကွဲသွားပြီးနောက်ပိုင်းနောက်ကြောင်းရာဇဝင်ကိုလိုက်စုံစမ်းပုံမရဘူး၊ ယောကျ်ားကိုအတော်စိတ်နာသွားပုံရတယ်"

ဟုပြောလေ၏။

ဒွာနအုပ်ကိုစိန်မြင့်က မျက်မှောင်ကြုတ်ပြီး

"ဒါဆိုရင် သားသမီးတွေ လက်ထက် ရောက်မှ တစ်ဦးနဲ့ တစ်ဦး သိကျွမ်းကြတာပေါ့"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးက အဝေးဆီကို ငေးကြည့်ပြီး

"တကယ်တော့ သူတို့ဖအေတူမအေကွဲမောင်နှမတော်



www.burmeseclassic.com

www.burmeseclassic.com



စပ်တယ်"ဆိုတာ တရားခံ မိန်းကလေး တစ်ယောက်ပဲ သိမယ် ထင်တယ်၊ ကျုပ် နယ်မှာသွားပြီး စောသီတာရဲ့ဓါတ်ပုံကို သူ့အိမ်နီးချင်းတွေကို ပြကြည့်တော့လည်း စောသီတာ အစစ်အမှန်လို့ပဲ ထွက်ဆိုကြတယ်၊ မြို့ပေါ်မှာတော့ အိမ်နီးချင်းတွေက စောသီတာကို မိုးသူဇာလို့ပဲ ထွက်ဆိုကြတယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် စောသီတာဟာ မိုးသူဇာနဲ့ ရုပ်ချင်း ခွဲမရအောင် တူနေပုံရတယ်"

ဟုပြောလေရာ ဌာနအုပ် ကိုစိန်မြင့်က အံ့သြဟန်ဖြင့်

"ဒါဆိုရင် ဒီအမှုမှာ ပါဝင်တဲ့ သူ သုံးယောက်ဟာ တစ်ဦးနဲ့တစ်ဦး ရုပ်ချင်းဆင်တူ နေတယ်ပေါ့၊ ဒါဟာ အလွန်အံ့သြ စရာကောင်းတာပဲ၊ သူတို့ သုံးယောက်စလုံး အမျိုးတော်စပ် နေတာလား"

ဟုရေရွတ်လေရာ အင်စပက်တော်လှမိုးက ခေါင်း





ညိတ်ပြီး

"သူတို့ သုံးယောက် ဆွေမျိုးတော်စပ် နေမယ်လို့ ကျုပ်ထင်တယ်၊ မိုးသူဇာနဲ့ ကိုမြမောင်ရဲ့ဖခင်ဟာ တစ်ဦးတည်း ဖြစ်သလို စောသီတာရဲ့ဖခင်လည်း တစ်ဦးတည်း ဖြစ်ပုံရတယ်"

ဟုပြောလေ၏။

ဌာနအုပ်ကိုစိန်မြင့်က ရယ်မောလိုက်ပြီး

"ဒါဆိုရင်တော့ သူတို့သုံးယောက်ရဲ့ဖခင်ဟာ တော်တော်စွံတဲ့ ပုဂ္ဂိုလ်ပဲနော်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက

"စွံတယ်ဆိုတာလည်း မပြောနဲ့လေ၊ သူတို့အဖေက အနုပညာသမား စန္ဒယားဆရာ၊ ခက်တာက စောသီတာက တရားခံ ပြေးလုပ်နေတာပဲ၊ ဒီလို ပြေးနေတဲ့အတွက် သူ့အတွက်လည်းအန္တရာယ် ရှိနေတယ်၊ ဒီအမှုရဲ့ အဓိက တရားခံ မိုးသူဇာ



www.burmeseclassic.com

www.burmeseclassic.com



လည်းပျောက်ချင်းမလှ ပျောက်နေတယ်၊ တရားခံဟာ အကြံကြီးတဲ့ အတွက် ကြောက်ဖို့ ကောင်းတယ်၊ လူသတ်မှုတွေ ကျူးလွန်ဖို့အတွက် သူ့ရဲ့အဖေတူအမေကွဲမောင်နှမတွေကိုကြိုတင်စုစည်းတယ်၊ သူဟာ မောင်နှမတွေရဲ့ သတင်းကို အမြဲ မပြတ်စုံစမ်းနေပုံရတယ်၊ စောသီတာရဲ့ အမေဆုံးတာနဲ့ စောသီတာသူ့အိမ်ကို ရောက်လာအောင် မိန်းကလေး တစ်ယောက်တည်းကို အလွန်သက်သာတဲ့ နှုန်းထားနဲ့ အိမ်ငှားမယ်လို့ သတင်းစာထဲမှာ ကြော်ငြာလိုက်တယ်၊ သူဟာ စောသီတာ တစ်ယောက်တည်းကို အိမ်ငှားချင်တဲ့ အတွက် အိမ်ငှားမဲ့ သတင်းကို စောသီတာ တစ်ယောက်တည်း ဖတ်ဖြစ်အောင် နယ်မြို့လေးမှာ ဖြန့်မဲ့ သတင်းစာ ထဲမှာ ကြော်ငြာ အရုပ်ပိုအတု တစ်စောင်အသုံးချပြီး အိမ်ငှါးကြော်ငြာကို ထည့်ခဲ့တယ်၊ ပြီးတော့ အရာရာကို စောသီတာ ကျူးလွန်တဲ့ အပြစ်တွေ ဖြစ်





အောင် ပုံချခဲ့တယ်၊ ပုလိပ်တွေ စောသီတာကို သံသယ ဖြစ်အောင် စောသီတာရဲ့ ခရီးဆောင်အိတ်ကို ဖျောက်ဖျက်ပစ်တယ်၊ သူ့ချစ်သူ ကိုမြမောင်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ပြီး ဒီသတင်းကို ကိုမြမောင် မိဘတွေ သိအောင် လုပ်ခဲ့တယ်၊ အိမ်နီးချင်းတွေရဲ့အမြင်မှာ သူတို့နှစ်ယောက် ဆက်ဆံရေး မပြေလည် ဖြစ်နေအောင် ကြိုးပမ်းခဲ့တယ်...ဒါဟာ စောသီတာကို လူသတ်မှု တရားခံ မဖြစ်ဖြစ်အောင် ကြိုတင်ပြင်ဆင်ထားတာဗျ"

ဟုပြောပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေလေ၏။

✺ ❃ ❃



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် မော်ဘီမြို့ရှိ အကြားအမြင် ဆရာမကြီး ဒေါ်သီရိထံသို့ ဒုတိယအကြိမ် သွားရောက်ရန် ကြံလေ၏။

သူမသည် ပုလိပ်များ ခြေရာခံ မမိစေရန် သူဆင်းရဲမ တစ်ဦးကဲ့သို့ ဝတ်ဆင်ပြီး ကောက်စိုက်သမတစ်ဦးကဲ့သို့ ခမောက်ကြီး တစ်ခုကို ဆောင်းထားလေ၏။

မော်ဘီသို့ ရောက်သောအခါ ဆရာမကြီး ဒေါ်သီရိ၏ အိမ်တံခါးများ ပိတ်ထားသဖြင့်အနီးပတ်ဝန်းကျင်၌ မသိမသာ





စုံစမ်းကြည့်ရာ ယနေ့ ဥပုသ်နေ့ ဖြစ်သဖြင့် ဘုန်းကြီးကျောင်းသို့ သီလယူရန်သွားခြင်း ဖြစ်နိုင်ကြောင်း ပြောလေ၏။

စောသီတာသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဒေါ်သီရိ၏အိမ်သို့တိတ်တဆိတ် ဝင်ရောက်ပြီး မိုးသူဇာ ဆိုသော မိန်းမ၏ သဲလွန်စ ရှာဖွေရန် ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် ဒေါ်သီရိ၏ အိမ်နီး၌ မယောင်မလည် အချိန်ဖြုန်းနေပြီး လူသူကင်းရှင်းသော အခါအနောက်ဘက် ခြံစည်းရိုးကိုတိုးဝင်ပြီး ဝင်ရောက်ခဲ့လေ၏။

ခြံအတွင်းသို့ ရောက်သောအခါ အိမ်တံခါးများကို စေ့ရုံသာ စေ့ထားသဖြင့် အလွယ်တကူ ဝင်ရောက်ခဲ့လေ၏။

စောသီတာသည် အိမ်ထဲသို့ ရောက်သောအခါ တစ်အိမ်လုံးကို စိတ်ရှည်ရှည်ဖြင့် မွှေနှောက် ရှာဖွေလေ၏။ သို့သော် မိုးသူဇာနှင့်ပတ်သက်ပြီး မည်သည့်သဲလွန်စကို မျှ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် စားပွဲခုံ အံဆွဲ တစ်ခုကို ဖွင့်ပြီး ရှာဖွေလေရာ မိမိနှင့်ရုပ်ချင်း အလွန်တူသော မိန်းမ တစ်ယောက်၏ ဓာတ်ပုံ အယ်ဘမ်ကို တွေ့ရသဖြင့် ထိုစာအုပ်ကို ယူပြီး အိမ်မှ တိတ်တဆိတ်ပြန်ထွက်ခဲ့လေ၏။

စေသီတာသည် ရန်ကုန်သို့ ပြန်ရောက်သောအခါ မိုးသူဇာ၏ ဓါတ်ပုံ စာအုပ်ကို ကြည့်ရှုလေရာ မိုးသူဇာသည် အံသြဖွယ် ကောင်းလောက်အောင် သူမနှင့်ရုပ်ချင်းဆင်တူကြောင်း တွေ့ရလေ၏။

စေသီတာသည် ဓာတ်ပုံများကို ကြည့်ရှုရင်း အသစ်လွင်ဆုံး ပုံတစ်ပုံ၏ နောက်ကျောတွင် ကိုပေါက် (ပန်းဝေဝေ) ဓာတ်ပုံတိုက်ဟုရေးသားထားသော လိပ်စာတစ်ခုပါ၏။

ဓာတ်ပုံတွင် ဖော်ပြထားသော ရက်စွဲအရ မိုးသူဇာ၏ ဓာတ်ပုံသည် လွန်ခဲ့သော သုံးလခန့်ကမှ ရိုက်ကူးခဲ့သော





ပုံဖြစ်၏။

စေသီတာသည် ဓာတ်ပုံတိုက်၌ သွားရောက်စုံစမ်းလျှင် မိုးသူဇာနှင့်ပတ်သက်သော သဲလွန်စ ရရှိမည်ဟု ယူဆကာ ဓာတ်ပုံတိုက်သို့ထွက်ခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတိုက်သည် ရန်ကုန်မြို့ကမ်းနားလမ်း၌ တည်ရှိ၏။ စောသီတာသည် ဓာတ်ပုံတိုက်သို့ ရောက်သောအခါ ဓာတ်ပုံတိုက်ရှိ ငွေလက်ခံသော စာရေးထံသို့ သွားပြီး

"ကိုပေါက်နဲ့ တွေ့ချင်လို့ပါ"

ဟုပြောလေရာ စာရေးလူငယ်သည် စောသီတာ မျက်နှာကို အံ့သြဟန်ဖြင့် ကြည့်ပြီး

"ခဏစောင့်ပါ အစ်မ ကိုပေါက်လာတော့မှာပါ၊ ဖုန်းဆက်





ပေးပါမယ်"

ဟုပြောလေ၏။

စောသီတာသည် ညှော်ခန်း၌ ထိုင်ပြီး ဓာတ်ပုံဆရာ ဆိုသူကို စောင့်လေ၏။ ခဏကြာလျှင် ဆိုင်ရှေ့သို့ အော်စတင်ကားတစ်စီး ထိုးရပ် လာပြီး ကားပေါ်မှ ယောကျ်ားတန်မဲ့ မျက်နှာကို စနီးများ လိမ်းထားသော လူတစ်ဦး ဆင်းလာပြီး စောသီတာကို မြင်သည်နှင့်

"ဟယ်လို..မိုး ပြန်လာပြီလား၊ မိုးက ကိုယ့်ကို အကြာကြီးခွဲထားတယ်၊ ကိုယ်မိုးကို လွမ်းနေလိုက်တာကွာ"

ဟုဆိုပြီး ချစ်သူရည်းစားကဲ့သို့ နှုတ်ဆက်လိုက်သဖြင့် စောသီတာသည် ခေါင်းနားပန်းကြီး သွားလေ၏။

မိုးသူဇာနှင့်မျက်နှာရှူး ပေါက်စ ဆိုသူသည် ချစ်သူများ ဖြစ်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသူဇာသည် သေသူ ကိုမြမောင်နှင့်လည်းချစ်သူဖြစ်နေသဖြင့် သူမ၏ မရိုးဖြောင့်မှုကို ပေါ်လွင်နေ၏။

စောသီတာသည် မိုးသူဇာ၏ သဲလွန်စကို ရရှိလိုသဖြင့် မျက်နှာရှူးကိုပေါက်ကို ဟန်ဆောင် ဆက်ဆံရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကိုပေါက်ကို ဟန်မပျက်ပြုံးပြလိုက်ရင်း

"အခုပြန်လာပြီလေ..လွမ်းစရာ မလိုတော့ဘူး"

ဟုပြောလေ၏။

ထိုအခါ ကိုပေါက်က ရယ်မောလိုက်ပြီး

"ကိုယ်တို့ မတွေ့ရတဲ့ နေ့တွေကို အတိုးချပြီး ဒီနေ့ ပျော်နေကျ နေရာလေးမှာ သွားတွေ့မယ်၊ သွားမှာလား"

ဟုမေးမြန်းလေရာ စောသီတာသည် ရုတ်တရက် ဖြေဆိုရခက်သွားလေ၏။





မျက်နှာရှူးကိုပေါက်သည် သူမကို မိုးသူဇာဟု အထင်မှားပြီး ဆိတ်ကွယ်ရာ နေရာ၌ သွားရောက်တွေ့ဆုံရန် မေးမြန်းခြင်း ဖြစ်ပုံရ၏။

မျက်နှာရှူးကိုပေါက် ခေါ်ဆောင်ရာသို့ လိုက်ပါလျှင် သူမ၏ အပျိုစင်ဘဝကို ဆုံးရှုံးသွားနိုင်၏။

မည်သို့ပင် ဖြစ်စေ ယခုအချိန်၌ သူမ ကိုယ်တိုင် တရားခံ ပြေးဘဝသို့ ရောက်ရှိနေသဖြင့် တရားခံ အစစ်ဖြစ်သော မိုးသူဇာ၏ သဲလွန်စကို မရရအောင်ယူ ရပေတော့မည်။

မိမိ၏ အပျိုစင်ဘဝကိုမူ သတိတမာန်ဉာဏ်မြေကတုတ် လုပ်ပြီး ထိန်းသိမ်း ရပေတော့မည်။

ထို့ကြောင့် ကိုပေါက်၏ အလိုဆန္ဒ အတိုင်း သွားချင်သွားပေတော့ဟု ခွင့်ပြုလိုက်လေ၏။

မျက်နှာရှူးကိုပေါက်သည် စောသီတာ၏ ခွင့်ပြုချက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျေနပ်သွားပြီး ခတ်ပုံဆိုင်ထဲသို့ပင် မဝင်တော့ဘဲ စောသီတာကို ကားဖြင့် ခေါ်ဆောင် သွားလေ၏။

❋ ❋ ❋





မျက်နှာရှုးပေါက်စသည် သူ၏ ကားကို အင်းစိန်ဘက်ရှိ ခြံကြီးတစ်ခြံသို့ ဦးတည် မောင်းနှင်သွားပြီး ခြံထဲတွင် အစောင့် ဖြစ်ဟန်တူသော အဘိုးကြီး တစ်ယောက် ရှိလေ၏။

မျက်နှာရှုးကိုပေါက်က ခြံထဲသို့ ရောက်သည်နှင့် စောသီတာ၏ခါးကိုဖက်ကာ အိမ်ထဲသို့ခေါ်ဆောင်သွားလေ၏။

စောသီတာသည် သတိကြီးစွာထားပြီး ကိုပေါက် အနောက်သို့ လိုက်သွားလေ၏။ အိမ်ထဲသို့ ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက်သည် ခြံစောင့် အဘိုးကြီးအား နွားနို့၊ ကြက်ဥ နှင့် သံပုရာသီး တစ်လုံး ဝယ်ခိုင်းလိုက်လေ၏။

စောသီတာသည်အိမ်ထဲသို့မသိမသာ မျက်လုံးဝေ့ကြည့်သောအခါ ထူးခြားမှု မတွေ့ရဘဲ သာမာန် လူကုံထံ အိမ် တစ်လုံးသာ ဖြစ်ကြောင်း တွေ့ရ၏။

မျက်နှာရှုးကိုပေါက်သည် စောသီတာကို အပေါ်ထပ် အိပ်ခန်းရှိရာသို့ခေါ်ဆောင်သွားပြီးအိပ်ခန်းထဲသို့ရောက်သောအခါ ဗီရိုထဲရှိ ဓာတ်ပုံ စာအုပ် တစ်အုပ်ကို ထုတ်ပြီး

"ဟောဒီမှာ...ဘီလပ်က နောက်ဆုံးရတဲ့စာအုပ်၊ မိုးကြည့်ပြီးရင် ရင်တွေခုန်သွားမယ်"

ဟုပြောပြီး စောသီတာ လက်ထဲသို့ ထည့်ပေးလေ၏။

စောသီတာသည်ဓာတ်ပုံစာအုပ်ကိုမသိမသာ လှန်ကြည့်လိုက်ရာ ဘီလပ်ရှိ စုံတွဲများ မရှက်မကြောက် ကာမ ဆက်ဆံ





နေသော ပုံများ ဖြစ်နေသဖြင့် ရင်တုန်ပန်းတုန် ဖြစ်သွားလေ၏။

တကျော့ရှုးကိုပေါက်က

"ဓာတ်ပုံတွေကို စကြည့်နေဦးနော်...ကိုယ် အောက်ထပ် မှာ ကြက်ဥနဲ့နွားနို့ သွားစီစဉ် လိုက်ဦးမယ်"

ဟုပြောလေ၏။ စောသီတာသည် အခန်းထဲတွင် တစ်ကိုယ်တည်း ကျန်ရစ်သောအခါ မိုးသူဇာ၏ သဲလွန်စကို ရှာဖွေရန် အခန်းတံခါးကို အသာဖွင့်ပြီး အိမ်အပေါ်ထပ်ရှိ အခန်းများကိုလိုက်လံကြည့်ရှုလေ၏။

သို့သော် အခန်းတံခါးများကို ပိတ်ထားသဖြင့် အိမ်အောက်ထပ်သို့ တိတ်တဆိတ် ခိုးဆင်းပြီး ကြည့်ရှုလေရာ ညည့်ခန်းတစ်နေရာတွင် မျက်နှာရှုးကိုပေါက်သည် တစ်စုံတစ်ယောက်ကို ဖုန်းဆက်နေကြောင်း တွေ့ရလေ၏။

စောသီတာသည်မသင်္ကာဖွယ် ကိုပေါက်၏ အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖုန်းကို နိုးပြီး နားထောင် နေမိ၏။

ခဏကြာလျှင် ကိုပေါက်ခေါ်နေသော ဖုန်း ရရှိသွားပြီး ကိုပေါက်က အသံကို ခပ်အုပ်အုပ်ထားပြီး

"ခေါ်လိုက်ရတာ မိုးရယ်..ဒီအချိန်ကြီး မိုး ဘယ်ကိုရောက်နေတာလဲ၊ မိုးကို သိပ်အရေးကြီးတဲ့ ကိစ္စပြောစရာ ရှိလို့ကွ.. အံ့ဩဖို့သိပ်ကောင်းတယ်၊ ကိုယ့်ဓာတ်ပုံတိုက်ကို မိုး အယောင်ဆောင်ထားတဲ့ မိန်းမတစ်ယောက် ရောက်လာတယ်၊ သိလား.. သူကိုယ်သူ မိုးဆိုပြီး ဟန်ဆောင်လာတာ.. ဒီကောင်မဟာ မိုးပြောနေတဲ့ မိုးရဲ့ အဖေတူ မအေကွဲ ဆိုတဲ့ ကောင်မပဲ ဖြစ်လိမ့်မယ်"

ဟုပြောလေရာ စောသီတာသည် မိမိကို မျက်နှာရှုးကိုပေါက် သိရှိနေကြောင်း ကြားသိသွားလေ၏။

ကိုပေါက် မည်သို့မည်ပုံ ရိပ်မိ သွားသည် မသိချေ။





ကိုပေါက်က ဆက်လက်ပြီး

"ဒီကောင်မက မိုးအယောင်ဆောင်ပြီး ရောက်လာတယ် သိလား..ကိုယ်ဒီကောင်မကို လှည့်ပတ်ပြီး ဖမ်းခေါ်ထားတယ်"

ဟုပြောလေရာ စောသီတာသည် မျက်နှာရှုးကိုပေါက်ကို စိတ်မထိန်းနိုင်တော့ဘဲ အနီးရှိကြေးပန်းအိုးကို ယူပြီး အနောက်မှ ရိုက်လိုက်ရာ ကိုပေါက်သည် ကြမ်းပေါ်သို့ လဲကျ မေ့မြောသွားလေ၏။

ကိုပေါက်လဲကျ သွားသောအခါ အနီးရှိ အခန်းတစ်ခုထဲသို့ သွင်းပြီး လက်များကိုကြိုးဖြင့် တုတ်နှောင်ထားလိုက်၏။

စောသီတာသည် ကိုပေါက်ကို ကြိုးဖြင့် တုတ်နှောင်ပြီးနောက် သတိရအောင် မျက်နှာကို ရေဖြင့် ဖြန်းလိုက်ပြီး

"မိုးသူဇာ ဘယ်မှာလဲ၊ ကျွန်မကို မြန်မြန်ပြောစမ်း"

ဟုမေးလိုက်ရာ ကိုပေါက်က မဖြေဘဲ အံကိုကြိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နင်မေးတိုင်း ငါဖြေရမှာလား"

ဟုပြောလေရာ စောသီတာက အံကိုကြိတ်ပြီး

"ကောင်းပြီ..ရှင်မဖြေဘူးဆိုရင် ရှင်ရဲ့ခန္ဓာကိုယ် အောက်ပိုင်းတွေ ကိုမြမောင်လို ဖြစ်သွားမယ်"

ဟုခြိမ်းခြောက် လိုက်ရာ ကိုပေါက်သည် မျက်စိ မျက်နှာပျက်သွားလေ၏။

စောသီတာသည် ကိုပေါက် တုန်လှုပ်သွားကြောင်း ရိပ်စားမိသဖြင့် မီးဖိုချောင်မှ သားလှီးဓားကို ယူပြီး ကိုပေါက်မျက်နှာရှေ့တွင် ဝေ့ယမ်းပြလိုက်ရာ ကိုပေါက်က ကမန်းကတန်း လက်ကာပြပြီး

"မလုပ်ပါနဲ့ မိုးသူဇာရဲ့နေရာကို ပြောပြပါမယ်၊ မိုးသူဇာက အလုံဘက်က တိုက်အိမ်ကြီးမှာ နေပါတယ်၊ သူမကြောမီ ဒီအိမ်ကို လိုက်လာမှာပါ"





ဟုပြောလိုက်ရာ စောသီတာသည် သူမအတွက် အလွန်အရေးကြီးသော အချိန်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် ကိုပေါက်ကို အခန်း တံခါးပိတ်ထားခဲ့ပြီး ထိုအိမ်မှထွက်ခဲ့လေ၏။

စောသီတာသည် အနီးဆုံး ဖုန်းဆက်နိုင်မည့်နေရာသို့ သွားပြီး အင်စပက်တော်လှမိုးကို ဖုန်း ခေါ်လိုက်၏။

စောသီတာ၏ဖုန်းကိုအင်စပက်တော်လှမိုးက ကိုင်လိုက်ပြီး

"ပြောပါ စောသီတာ မင်းဘာဖြစ်နေသလဲ"

ဟုမေးမြန်းလေရာ

"ဒီမှာ ကျွန်မစကားကိုသေသေချာချာ နားထောင် စမ်းပါ။ သိပ်အရေးကြီးနေပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး

"မိန်းကလေး မင်းဘာလို့ တရားခံ ပြေးလုပ်နေတာလဲ၊ ဥပဒေ ဘောင်အတွင်းက ဖြေရှင်းပါ၊ မင်းကို ငါတို့ အများကြီး အကူအညီပေးနိုင်တယ်၊မင်းမှာအပြစ်မရှိဘူးဆိုတာငါသိတယ်"

ဟုပြောလေရာ စောသီတာက အရေးတကြီး အမူအရာဖြင့်

"ရှင်ဘာမှ အပိုတွေ ပြောမနေနဲ့ ကျွန်မစကားကို နားထောင်စမ်းပါ၊ ကျွန်မကို တရားခံပြေး ဘဝ ရောက်အောင် အကွက် ဆင်ခဲ့တဲ့ မိန်းမယုတ် မိုးသူဇာ ဟောဒီအိမ် လိပ်စာကို အခုချက်ချင်းလာလိမ့်မယ်…ရှင်တို့အမြန်ဆုံးသွားဖမ်းပါ…သူ့ကို ဖမ်းမိရင် ရှင်တို့ဆီမှာ ကျွန်မ လာအဖမ်းခံမယ်"

ဟုပြောကာ မျက်နှာရှုံ့ကိုပေါက်၍ အိမ်လိပ်စာကို





ကမန်းကတန်း ရေးပေးလိုက်ရာ အင်စပက်တော်လှမိုးသည် စိတ်လှုပ်ရှားစွာ ရေးမှတ်လိုက်ပြီး

"နေပါဦး…မင်းဘာတွေ လျှောက်လုပ် နေတာလဲ ဖုန်း မချလိုက်နဲ့ဦး"

ဟုတားဆီးလေရာ စောသီတာသည် အင်စပက်တော် လှမိုးကို စိတ်မရှည်နိုင်တော့ဘဲ

"တော်ပါတော့ ရှင်အမေးအမြန်း ထူတာတွေ ရပ်လိုက်ပါ တရားခံကို အမြန်ဆုံး သွားဖမ်းပါ"

ဟုပြောပြီး ဖုန်းကို ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမိုးသည် မမျှော်လင့်ဘဲ စောသီတာထံမှ ဖုန်းဝင်လာသဖြင့် ကမန်းကတန်းကားပေါ်သို့ တက်ရန်ပြင်လေရာ ဌာနအုပ် ကိုစိန်မြင့်က ကားပေါ်သို့လိုက်တက်ပြီး

"ဘယ်လိုဖြစ်တာလဲဆရာ"

ဟုမေးမြန်းလေရာ အင်စပက်တော်လှမိုးက ကားကို အမြန်ဆုံး မောင်းထွက်လိုက်ပြီး

" ကျုပ်လည်း ဘာမှမသိဘူး၊ ကျုပ်တို့ မင်းသမီး





စောသီတာက ဖုန်းဆက်တယ်၊သူ့ကို တရားခံပြေး ဖြစ်အောင် ဒုက္ခပေးတဲ့အိမ်ရှင် မိုးသူဇော်ဟာ ကျုပ်တို့ကိုအခုပေးတဲ့လိပ်စာကိုလာလိမ့်မယ်တဲ့ဗျ၊ ကျုပ်တို့ကိုအမြန်ဆုံးသွားဖမ်းဖို့နိုင်းတယ်၊ ဒါကြောင့်ကျုပ်အမြန်ဆုံးထွက်လာတာ"

ဟုပြောလေရာ ဌာနအုပ် ကိုစိန်မြင့်က သက်ပြင်းချလိုက်ပြီး

" ကျုပ်တို့ စုံထောက်တွေတောင် မစွမ်းတဲ့ကိစ္စကို ဒီကောင်မလေး..ဘာလိုတွေလျှောက်လုပ်နေသလဲမသိဘူး"

ဟု ရေရွတ်လေ၏။ အင်စပက်တော်လှမိုး ကားကို လျှင်မြန်စွာ မောင်းရင်း

"ဒီကောင်မလေးကိုလျော့တွက်လို့မရဘူး၊သူ့မှာအစွမ်းအစ ရှိတယ်ဗျ၊ သူပြောသလို အိမ်ရှင် မိန်းကလေးကို ဖမ်းမိရင် အားလုံးပြီးသွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

အင်စပက်တော်လုမိုးသည် ခဏကြာလျှင် စောသီတာ ပေးသောလိပ်စာအတိုင်း မျက်နှာရှုံ့ ကိုပေါက်အိမ်သို့ ရောက်ရှိသွားပြီးအိမ်ပတ်ဝန်းကျင်တွင်မသိမသာစောင့်ကြည့်လေ၏။

အတန်ကြာအောင် စောင့်ပြီးသည့်အချိန်ထိ မိုးသူဇာ၏ အရိပ်အယောင်ကို မမြင်ရသဖြင့် အင်စပက်တော်လုမိုးက

"ကျုပ်တို့နောက်ကျသွားပြီထင်တယ်၊ အိမ်ထဲကိုဝင်ကြည့်ရအောင်"

ဟုပြောပြီး အရှေ့မှ ဦးဆောင်ကာ ဝင်သွားလေ၏။

ခြံပေါက်ဝသို့ရောက်သောအခါ အင်စပက်တော်လုမိုးက

"အိမ်ရှင်တို့..အိမ်ရှင်တို့"

ဟု အသံပြုလိုက်သော်လည်း တုံ့ပြန်သံ မကြားရသဖြင့်





ခြံတခါးကို တွန်းဖွင့်လိုက်ရာ အသာအယာ ပွင့်သွားလေ၏။

အင်စပက်တော်လုမိုးသည် အိမ်ပေါက်ဝသို့ လျှောက်လှမ်းသွားပြီး

"အိမ်ရှင်တို့"

ဟု ထပ်မံအသံပြုသော်လည်း လူသံသူသံ မကြားရသဖြင့် မျက်မှောင်ကြုတ်ပြီး အိမ်ထဲသို့ ဝင်သွားလေ၏။

အိမ်ထဲရှိ အခန်းတစ်ခန်း သို့ဝင်ရောက်သွားသောအခါ အခန်းထဲတွင် စားတန်းလန်းနှင့် သေဆုံးနေဟန် ရှိသော လူတစ်ယောက်ကို တွေ့ရလေ၏။

အင်စပက်တော်လုမိုးက သေသူကို အနီးကပ် ကြည့်ရှုပြီး ခေါင်းခါယမ်းလိုက်ကာ

"ဒီလူကိုကျုပ်သိတယ်၊ သူဟာ ခါတ်ပုံဆရာ ကိုပေါက်ဆိုတဲ့သူပဲ၊ လူရှုပ်လူပွေ တစ်ယောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထိုအခါ ကိုစိန်ဝင်းက

"သူ့ကို သတ်သွားတာ ကျုပ်တို့ မင်းသမီးလား"

ဟုမေးမြန်းလိုက်ရာ အင်စပက်တော်လှမိုးက ခေါင်းခါယမ်းပြီး

"ကျုပ်တော့ စောသီတာ လက်ချက်လို့ မထင်ဘူးဗျ၊ စောသီတာဟာ သူ့ဖသေတွင်း သူတူးမှာ မဟုတ်ဘူး၊ ဒါဟာ မိုးသူဇာရဲ့ လက်ချက်ပဲ ဖြစ်လိမ့်မယ်"

ဟုပြောပြီး လူသတ်မှုဖြစ်ပွားရာ နေရာရှိ သဲလွန်စများကို ရှာဖွေလေ၏။

ထိုသို့ရှာဖွေရင်း လဲပြိုကျနေသော ကြွေးပန်းအိုး တစ်လုံးနှင့် ကြမ်းပေါ်တွင် ပြန့်ကျဲနေသော ပန်းများကို တွေ့ရလေ၏။ အင်စပက်တော်လှမိုးသည် ကြွေးပန်းအိုးကို သေချာစွာ ကြည့်ရှုပြီး သေသူ ခါတ်ပုံဆရာ၏ ခေါင်းကို လှန်ကြည့်ကာ





ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏။

အင်စပက်တော်လှမိုးက

"ကိုပေါက်ရဲ့ခေါင်းက ဒဏ်ရာက ကျုပ်တို့ မင်းသမီး စောသီတာရဲ့ လက်ချက်ဗျ"

ဟုပြောလေရာ ဌာနအုပ် ကိုစိန်မြင့်က

"ဒါဆို ဒီလူကို သတ်သွားတာ စောသီတာပေါ့"

ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက ခေါင်းခါယမ်းပြီး

"မဟုတ်ဘူးဗျ..စောသီတာက သေသူရဲ့ခေါင်းကိုပဲ ရိုက်သွားတာ၊ ကိုပေါက် မူးမေ့လဲကျ သွားတဲ့အချိန်မှာ သတိရလာအောင် မျက်နှာကို ရေနဲ့ဖြန်းခဲ့သေးတယ်ဗျ၊ သေသူရဲ့ရင်ဘတ်မှာ ရေတွေစိုရွှဲနေပြီး အခန်းထဲက ကြမ်းမှာလဲ ရေတွေ စိုနေတယ်၊ ကိုပေါက်ကို သတ်သွားတာ နောက်တယောက်ပဲဗျ၊



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားဟာ မိုးသူဇာဆိုတဲ့မိန်းမ ဖြစ်ဖို့ များတယ်"

ဟုပြောလေ၏။

အင်စပက်တော်လှမိုး ပုလိပ်ဌာနသို့ ပြန်ရောက်သော အခါ စောသီတာ၏ ဖုန်း ဝင်ရောက်လာ၏။

အင်စပက်တော်လှမိုးက ဖုန်းကိုင်လိုက်သောအခါ စောသီတာက အလောတကြီး အမူအရာဖြင့်

"မိုးသူဇာဆိုတဲ့ မိန်းမကို မိပြီလား"

ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"မင်း ငါ့စကားကို နားမထောင်တဲ့ တစ်ပွဲပေါ် နစ်ပွဲဆင့်ပြီ၊ ငါတို့ မိုးသူဇာကို အမြန်ဆုံး သွားစောင့်ပေမဲ့ နောက်ကျသွားတယ်၊ ငါတို့ အိမ်ထဲကို ဝင်ကြည့်တော့ သေဆုံးနေတဲ့ ကိုပေါက်ရဲ့အလောင်းကိုပဲ တွေ့ရတယ်"





ဟုပြောလေရာ စောသီတာသည် တုန်လှုပ်ချောက်ချားသွားပြီး

"ဘာ...ကိုပေါက် သေသွားပြီဟုတ်လား၊ သူ့ကို ကျွန်မ မသတ်ဘူးနော်...သူ့ကို လူယုတ်မာ မိုးသူဇာ ဆိုတဲ့ မိန်းမ သတ်သွားတာ ဖြစ်မယ်"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချပြီး

"ကျုပ်လည်းမင်းလုပ်တယ်လို့ မထင်ပါဘူး၊ ဒါပေမဲ့ ဥပဒေဆိုတာ အထင်နဲ့မရဘူးလေ...မင်းကိုလူသတ်မှုတရားခံ အဖြစ်သက်သေတွေက ညွှန်ပြပေးနေရင် မင်းတရားခံ ဖြစ်မှာပဲ"

ဟုပြောလေရာ စောသီတာက အထိတ်တလန့်နှင့်

"ကျွန်မမသတ်ပါဘူးလို့၊ ရှင့်ကို ဘယ်နှစ်ခါပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အင်စပက်တော်လှမိုးက

"မင်းကို ဒါကြောင့် အဖမ်းခံဖို့ ပြောနေတာပေါ့၊ မင်း ထွက်ပြေးနေရင် တစ်နေ့ ဒုက္ခကောင်းကောင်း တွေ့လိမ့်မယ်၊ မိုးသူဇာ နောက်တစ်ကြိမ်သတ်မဲ့သူဟာ မင်းဖြစ် သွားလိမ့်မယ်"

ဟုပြောလေ၏။

စောသီတာက အင်စပက်တော်လှမိုး၏ စကားကို နားမဝင်ဘဲ

"အို..ရှင်တို့ကို ကျွန်မ မယုံဘူး၊ နောက်ဆုံး မိန်းမယုတ် မိုးသူဇာကို ရှာမတွေ့ရင် ကျွန်မကို တရားခံ ဆိုပြီး ထောင်ထဲ ထည့်မှာ မဟုတ်လား၊ ဘယ်တော့မှ အဖမ်း မခံဘူး"

ဟုဆိုကာ ဖုန်းကို ဒေါသတကြီးချသွားလေ၏။

အင်စပက်တော်လှမိုးသည် စောသီတာကို နားချ မရ





သောကြောင့် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းပြီး ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ပုလိပ်အဖွဲ့ကို စောသီတာ သံသယ ဝင်နေလျှင် သူမ အတွက် များစွာ အန္တရာယ်ရှိနေ၏။

ထိုအခိုက်မှာပင် ပုလိပ်ဌာနအတွင်းသို့ လူငယ်ပုလိပ် လေးတစ်ဦးအပြေးအလွှားဝင်ရောက်လာပြီးအင်စပက်တော် လှမိုးရှေ့သို့ရောက်ရှိလာပြီး

"တရားခံ မိန်းမကို ကျွပ်တွေ့လာတယ် ဆရာ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင် ကြုတ်လိုက်ပြီး

"ဘယ်မှာတွေ့တာလဲ"

ဟုမေးမြန်းလိုက်ရာ ပုလိပ်လေးက

"ဗီယာနာ ကဖေးတိုက်မှာပါ ဆရာ၊ ကျွန်တော် ဗီယာနာ



www.burmeseclassic.com

www.burmeseclassic.com



ကဖေးတိုက်မှာ မုန့်ဝယ်နေတုန်း စားပွဲ တစ်လုံးမှာ ထိုင်ပြီး စား သောက်နေတဲ့ တရားခံ မိန်းမကို တွေ့ခဲ့တယ်၊ ဒါကြောင့် စားပွဲ ထိုး တစ်ယောက်ကို စောင့်ကြည့်ခိုင်းပြီး ဌာနကို ပြေးလာ တာပါ"

ဟုပြောလေ၏။

အင်စပက်တော် လှမိုးသည် စားပွဲမှ အမြန်ဆုံး ခုန်ထပြီး ပုလိပ်လေးအား ကားပေါ်တင်လာခဲ့၏။

တရားခံသည် စောသီတာလော..တရားခံအစစ် မိုးသူဇာ ကိုယ်တိုင် ပင်ဖြစ်လေသလော မသိချေ။

တရားခံကို လက်ရ မဖမ်းခဲ့ခြင်းနှင့် ပတ်သက်ပြီး ပုလိပ် လေးကိုသာ ကြိတ်ပြီး ဒေါသ ဖြစ်နေမိ၏။





စောသီတာသည် တရားခံမိန်းမ လွတ်မြောက်သွား ရုံမက ခါတ်ပုံဆရာ ကိုပေါက်ကိုပင် သတ်ဖြတ်သွားသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်ပြီး ဗီယာနာကဖေးတိုက်၌ ဝင်ရောက် စားသောက် နေလေ၏။

ထိုသို့ စားသောက်ပြီး ငွေရှင်းကာနီးတွင် ဗီယာနာ ကဖေးတိုက်မှ စားပွဲထိုး လူငယ်တစ်ဦးသည် စောသီတာ၏



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရင်းနှီးဟန်ဖြင့် ရောက်ရှိလာပြီး

"အစ်မကို ရယ်စရာ ပြောရဦးမယ်၊ စောစောက ပုလိပ် တစ်ဦးရောက်လာပြီး အစ်မကို တရားခံ ပြေးဆိုပြီး စောင့် ကြည့်နိုင်းထားတယ်"

ဟုဆိုလိုက်ရာ စောသီတာသည် တုန်လှုပ်ချောက်ချား သွားလေ၏။

စားပွဲထိုးလူငယ်သည် စောသီတာကို မိုးသူဇာနှင့် မှားယွင်းပြီး နှုတ်ဆက်နေပုံရ၏။

စောသီတာသည် စားပွဲထိုးလူငယ်ကို ဟန်မပျက် ကြည့်လိုက်ပြီး

"မင်းက အစ်မကို မှတ်မိသေးတာပဲ"

ဟုဆိုလိုက်ရာ စားပွဲထိုးလူငယ်က မှတ်မိတာပေါ့ဗျာ၊ အစ်မရဲ့အလုံက အိမ်ကို ကျွန်တော် မုန့်လာပို့နေကျပဲ"





ဟုပြောလေ၏။ စောသီတာက ခေါင်းညိတ်ပြီး

"မင်းတော်တယ်၊ မှတ်ဉာဏ် ကောင်းတယ်၊ အလုံက အိမ်လိပ်စာကို ပြောပါဦး၊ တိတိကျကျ ပြောနိုင်ရင် ဘောက် ဆူးချမယ်"

ဟုဆိုလိုက်ရာ စားပွဲထိုးလူငယ်က အိမ်လိပ်စာကို အား တက်သရော ပြောဆိုလေ၏။

စောသီတာသည် မိုးသူဇာ၏ အိမ်လိပ်စာ တစ်ခုကို မမျှော်လင့်ဘဲ ရလိုက်သဖြင့် သေချာစွာ မှတ်သားပြီး စားပွဲထိုး လူငယ်ကို ပိုက်ဆံတစ်မူး ဆုချလိုက်လေ၏။

◉ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမိုး၏ ကား ဒိယာနာ ကဖေးတိုက်ရှေ့သို့ ထိုးဆိုက်သွားသောအခါ ဆိုင်ထဲတွင် စောသီတာ မရှိတော့ချေ။

ပုလိပ်လေးက စောသီတာ ထိုင်ခဲ့သော စားပွဲကို လက်ဖြင့် ထောက်ပြီး

"စောစောတုန်းက ဒီစားပွဲမှာ ထိုင်နေတယ်၊ ကျွန်တော် စားပွဲထိုးကို စောင့်ကြည့်ခိုင်းထားတယ် ဆရာ"





ဟုပြောလေရာ အင်စပက်တော်လှမိုးက ခေါင်းခါယမ်းပြီး

"မင်းတော်တော် မိုက်တဲ့ ပုလိပ်ပဲ၊ လူသတ်မှု တစ်ရားခံတစ်ယောက်ကို မင်းကိုယ်တိုင် စောင့်မကြည့်ဘဲ စားပွဲထိုးကို စောင့်ကြည့်ခိုင်း ရတယ်လို့ကွာ..."

ဟုဆိုလိုက်ရာ အနီးသို့ ရောက်လာသော စားပွဲထိုးသည် မျက်နှာ ပျက်သွားပြီး

"ဆရာတို့ မှားနေပြီ ထင်တယ်၊ စောစောက ဒီဝိုင်းမှာ ထိုင်တဲ့ အစ်မဟာ လူသတ်မှုတရားခံ မဟုတ်ပါ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ပါ"

ဟုပြောလေ၏။

အင်စပက်တော်လှမိုးသည် စားပွဲထိုးကို စိတ်မရှည်နိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်သမားဆိုတာ ရှိုပါတာမဟုတ်ဘူး၊ မဆိုင်တာ တွေဝင်မပြောနဲ့ကွာ"

ဟု တားဆီးလိုက်ရာ စားပွဲထိုးက ခေါင်းခါယမ်းပြီး

"ဒီအစ်မကို ကျုပ်ကောင်းကောင်းသိတယ်၊ သူက အလုံမှာနေတယ်၊ သူ့အိမ်ကို ကျုပ် မုန့်ပို့နေကျပါ"

ဟုဆိုကာ မိုးသူဇာ၏ အိမ်လိပ်စာကို ပေးလေ၏။

အင်စပက်တော်လှမိုးသည် မိုးသူဇာ၏ အိမ်လိပ်စာ ရသည်နှင့် အလုံသို့ကားကို အပြင်း မောင်းခဲ့လေ၏။

ယုန်ထောင်ကြောင်မိ ဖြစ်နေလေပြီ။ ယနေ့ ပုလိပ်လေး တွေ့ရှိသူမှာ စောသီတာ မဟုတ်ဘဲ မိုးသူဇာ ဖြစ်နေပုံရ၏။

မိုးသူဇာကို လက်ရဖမ်းမိလျှင် အမှုအမြန်ဆုံးပြီးစီးသွားပေလိမ့်မည်။ အင်စပက်တော်လှမိုးသည် စိတ်လှုပ်ရှားစွာဖြင့် ကားကိုအမြန်ဆုံးမောင်းနှင်ခဲ့လေ၏။





သို့သော် တရုတ်တန်းသို့ ရောက်လျှင် နှစ်သစ်ကူးနဂါးကပြီး အလှူခံနေသော တရုတ်လူငယ်များ၏ နဂါးအဖွဲ့က လမ်းကိုပိတ်ထားလေ၏။ အင်စပက်တော်လှမိုးက ကားဟွန်းကို တီးပြီး လမ်းဖယ်ခိုင်းလိုက်၏။ သို့သော် လူငယ်များ သည် ဗုံသံ လင်းကွင်းသံများ ဆူညံနေသောကြောင့် ကားဟွန်းသံကို ကြားရဟန်မတူချေ...



www.burmeseclassic.com

www.burmeseclassic.com



စောသီတာသည် စားပွဲထိုးထံမှ ရရှိသော လိပ်စာ

အတိုင်း ဗီယာနာကဖေးတိုက်မှ အလုံသို့ ခါတ်ရထားနင့်သွား

ခဲ့လေ၏။

အလုံသို့ ရောက်သောအခါ စားပွဲထိုးပေးလိုက်သော

လိပ်စာ အရ ကျွန်းအိမ်မည်းကြီး တစ်လုံးကို တွေ့ရလေ၏။

စောသီတာသည် ခြံတံခါး ရှေ့မှ ရပ်ပြီး အကဲခတ်ကြည့်ရာ





လူသူအရိပ်အယောင်ကို မမြင်ရချေ။ ထိုအိမ်ကြီး၌ မိုးသူဇာ

ဆိုသော မိန်းမယုတ် ရှိမှရှိပါလေစ....။

စောသီတာသည် ခြံတံခါးကို မသိမသာ အကဲခတ်

ကြည့်ရာ သံချေးကိုက်နေသော သော့တစ်လုံးဖြင့် ခတ်ထား

ကြောင်း တွေ့ရ၏။

အိမ်ကြီးသည် လူပြတ်သောပတ်ဝန်းကျင်တွင် ရှိသဖြင့်

ခြံတံခါးကို ဖျက်ပြီး ဝင်ရန် ဆုံးဖြတ်လိုက်ပြီး အနီးရှိ ကျောက်ခဲ

တစ်လုံးကို ကောက်ယူပြီး တံခါးသော့ကို ထုလိုက်လေ၏။

ထိုအခိုက်မှာ အိမ်နီးချင်းမိန်းမကြီး တစ်ဦး အနီးသို့

လျှောက်လှမ်းလာပြီး

"ဘာဖြစ်လို့လဲ မိန်းကလေး"

ဟုစပ်စုလိုက်ရာ စောသီတာသည် ရုတ်တရက် တုန်

လှုပ်သွားပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟို..ဟို..ကျွန်မသော့ပျောက်သွားလို့ပါ"

ဟုဖြေလေ၏။

ထိုအခါ မိန်းမကြီးသည် စပ်စုခြင်း မရှိတော့ဘဲ အနီးမှ ထွက်သွားလေ၏။

စောသီတာသည် အိမ်တံခါး သော့ပျက်သွားသောအခါ ခြံထဲသို့ ခပ်တည်တည် ဝင်ခဲ့၏။

ခြံထဲတွင် အော်စတင်ကား တစ်စီးကိုတွေ့ရသဖြင့် ထိုကားသည် သေဆုံးသွားသော ဓါတ်ပုံဆရာ ကိုပေါက်၏ ကားဖြစ်ကြောင်း တွေ့ရလေ၏။

မိုးသူဇာသည် ကိုပေါက်ကို သတ်ဖြတ်ပြီး သေသူ၏ကားဖြင့် ထွက်ပြေးလာပုံရ၏။

အိမ်ကြီးအနီးသို့ ရောက်သောအခါ အိမ်တံခါးကိုသော့ခတ်ထားခြင်း မရှိသဖြင့် အိမ်၌ မိုးသူဇာလက်ရှိ ဝင်ထွက်သွား





လာနေပုံရ၏။

စောသီတာသည် သတိကြီးစွာ ထားပြီး အိမ်ထဲသို့ ဝင်ရောက်ခဲ့၏။

အိမ်၏ ဧည့်ခန်း၌မည်သည့်ပရိဘောဂ ပစ္စည်းမျှ မရှိဘဲ ရှင်းလင်းနေ၏။

စောသီတာသည် အိမ်အောက်ထပ်ကို သာမာန်မျှသာကြည့်ပြီး ကျွန်းလှေခါးကြီးအတိုင်း အိမ်ပေါ်သို့ တက်ခဲ့လေ၏။

အိမ်ပေါ်ထပ် ဧည့်ခန်းနံရံ၌ လှသတ်လက်နက်များဖြစ်သော ဓားလှံ လက်နက်မျိုးစုံကို ချိတ်ဆွဲထား၏။

မိုးသူဇာသည် ခေသူ့ဆာနေသော မိန်းမတစ်ယောက်ဖြစ်ပုံရ၏။

အိပ်ခန်းထဲသို့ ဝင်ကြည့်သောအခါ စားပွဲပေါ်တွင် အိမ်ငှါးကြော်ငြာ ပါသော နိဝင်ဘာ ၁၅ ရက် သတင်းစာများကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေ၏။

စောသီတာသည် မိမိကို ဟန်ဆောင် လှည့်ဖြားပြီး ရန်ကုန်မြို့သို့ ခေါ်ကာ ထောင်ချောက် ဆင်ခံရခြင်းကို မခံချိမခံသာ ဖြစ်သွားပြီး

"မိန်းမယုတ်"

ဟု နှုတ်က ရေရွတ်လိုက်လေ၏။

စောသီတာသည် ဗီရိုကြီးတစ်လုံးကို မြင်သဖြင့် ဖွင့်ကြည့်လိုက်ရာ ဗီရိုထဲတွင် ထူးခြားသော ဖန်ပုလင်းများကို တွေ့ရလေ၏။

စောသီတာသည် ဖန်ပုလင်းကြီးတစ်လုံး၏ အဖုံးကို ဖွင့်ပြီး နမ်းကြည့်လိုက်ရာ ဆေးနံ့တစ်မျိုးကို ရလေ၏။

စောသီတာသည် ထူးခြားသော ဆေးနံ့ကို ရှူရင်း ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားလေ၏။





ထို့နောက် မျက်လုံးထဲတွင်ပြာခနဲ ဖြစ်သွားပြီး ခေါင်းထဲတွင် ခြာခြာလည် သွားရင်း ရန်ကုန်မြို့သို့ ပထမဦးဆုံး ရောက်သည့်နေ့က သောက်ခဲ့သော ဖန်ခွက်ရေတကောင်းထဲမှ ရေ၏အနံ့ကို သတိရလိုက်၏။

ထိုရေကို သောက်ပြီး သူမ မေ့မြောသွားချိန်၌ အခန်းထဲသို့ အလွယ်တကူ ဝင်ပြီး သဲလွန်စများ ရှင်းလင်းခဲ့ပုံကိုလည်း ရိပ်စားမိသွားလေ၏။

ထိုအခိုက်မှာပင် အနောက်ဘက် နံရံရှိ လျှို့ဝှက်တံခါး တစ်ချပ် ပွင့်သွားပြီး မိုးသူဇာ ဆိုသော မိန်းမ ထွက်လာကာ တဟားဟား ရယ်မောလိုက်ပြီး

"ငါ့အိမ်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့မိန်းမ ကိုယ့်သေတွင်းကိုယ်တူးတာပဲ၊ နင်သေနေ့စေ့ပြီလို့ မှတ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရ စောသီတာက

"လူယုတ်မာမ"

ဟုရေရွတ်ရင်းကြမ်းပေါ်သို့လဲကျ မေ့မြောသွားလေ၏။





အင်စပက်တော်လှမိုး၏ကား အလုံရှိ မိုးသူဇာ၏ ခြံရှေ့သို့ ရောက်သောအခါ သော့ပျက်နေသော ခြံတံခါးကိုသာ မြင်လိုက်ရ၏။

အင်စပက်တော်လှမိုးသည် ကားပေါ်မှ ဆင်းပြီး ခြံထဲသို့ ဝင်ရောက်သွားလေရာ ခြံပေါက်ဝရှိ ကားဘီးရာများကို ကြည့်ပြီး မိမိ နောက်ကျသွားပြီဟု ယူဆ လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမိုးသည် အိမ်ရှင်တို့ အိမ်ရှင်တို့ ဟု အသံပြုလိုက်ပြီး မည်သည့်အသံကိုမျှ မကြားရသဖြင့် အိမ်ထဲသို့ ဝင်ရောက်သွားလေ၏။

အိမ်ထဲတွင် မည်သည့်အသံမျှမကြားရသဖြင့် တစ်အိမ်လုံး လှည့်လည် ရှာဖွေလေရာ အိမ်ပေါ်ထပ်တွင် နိဝင်ဘာ ၁၅ ရက်နေ့ ကြော်ငြာ အချပ်ပို သတင်းစာများကိုသာ တွေ့ရလေ၏။

အင်စပက်တော်လှမိုးသည် ကြမ်းပေါ်တွင် ဖရိုဖရဲ ကျနေသောပစ္စည်းများကိုကြည့်ပြီး တစ်စုံတစ်ရာကို တွေးလိုက်မိပြီး မျက်မှောင် ကြုတ်လိုက်မိ၏။

ပြီးနောက် တစ်အိမ်လုံး အနံ့ရှိသဲလွန်စများကို ကြည့်ရှုပြီးနောက် ထိုအိမ်သို့ စောသီတာ ရောက်ရှိလာသည်ဟု သံသယဝင်မိလေ၏။





အင်စပက်တော်လှမိုးသည် စောသီတာအတွက် လွန်စွာ စိုးရိမ်ပြီး ကားကို အိမ်ထဲမှ ပြန်လည် မောင်းထွက်ခဲ့လေ၏။

အင်စပက်တော်လှမိုးသည် ကားကို လမ်းထိပ်သို့ မောင်းနှင်ပြီး မည်သည့်အရပ်သို့ မောင်းနှင်ရမည် မသိ ဖြစ်နေလေ၏။

ထို့ကြောင့် စိတ်ပျက်လက်ပျက်ဖြင့် ပုလိပ်ဌာနသို့ ပြန်လာခဲ့၏။

ပုလိပ်ဌာနသို့ ရောက်သောအခါ ဖုန်းဝင်လာသဖြင့် ကောက်ကိုင်လိုက်ပြီး အင်စပက်တော်လှမိုးဖြစ်ကြောင်း ပြောလိုက်ရာ

"ကျွန်တော် ယာဉ်ထိန်းဌာနကပုလိပ် မောင်သီပါ"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်လှမျိုးက

"ဘာထူးလို့လဲ မောင်သီရဲ့ ပြောပါဦး"

ဟုမေးမြန်းလိုက်ရာ ပုလိပ် မောင်သီက

"ကျွန်တော် တာဝန်ကျတဲ့ မင်္ဂလာဒုံလမ်းဆုံမှာ ဆရာ မှာထားတဲ့ ကားနံပါတ်ကို တွေ့ရတယ်၊ဒီကားက ရန်ကုန်မြို့က ထွက်သွားပြီနဲ့တူတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် ဖုန်းကို ချ လိုက်ပြီး သူ၏ဂျစ်ကားကို ဆိုအမြန်ဖြည့်ကာ ရန်ကုန်မြို့ပြင်သို့ လိုက်ခဲ့လေ၏။

မင်္ဂလာဒုံ စစ်တပ်ရှေ့သို့ ရောက်သောအခါ ပဲခူးနှင့် တိုက်ကြီးရှိ အင်္ဂလိပ်စစ်တပ်များဆီသို့ မိုးသူဇာ၏ ကားနံပါတ် ပေးပြီး စောင့်ကြည့်နိုင်းလေ၏။

သို့သော် အတန်ကြာသည်အထိ မိုးသူဇာ၏ ကားဖြတ်





သန်းသွားခြင်း မရှိကြောင်းသိရလေ၏။

မိုးသူဇာသည် ပဲခူးနှင့် တိုက်ကြီးကို မကျော်ဘဲ ကြား အရပ်၌ပင် ရှိပုံရ၏။

မှော်ဘီမြို့ရှိ မိစင်ဖြစ်သူ အကြားအမြင် ဆရာမကြီး ဒေါ်သီရိထံသို့ သွားရောက်ခြင်းပေလော....။

အင်စပက်တော်လှမိုသည် စေသီတာ၏ အသက် အန္တရာယ်အတွက် အလွန် စိုးရိမ်နေမိ၏။ သူမအတွက် အချိန် စက္ကန့်ပိုင်းလေးသည်ပင် အရေးပါလှ၏။

အင်စပက်တော်လှမိုးသည် ကြံရမရသည့်အဆုံး အကူ အညီရလိုရငြား မှော်ဘီမြို့ခွန်ရှိ ဆရာမကြီးဒေါ်သီရိထံသို့ သွားရောက်မေးမြန်းရန် ဆုံးဖြတ်လိုက်၏။

ဆရာမကြီးထံသို့ အင်စပက်တော်လှမိုး ရောက်ရှိသော အခါ ဆရာမကြီးက သက်ပြင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းတဲ့ အတိတ်နိမိတ်တွေ မြင်နေရတယ်၊ ကျွန်မ ဆီကို ဘာကိစ္စရောက်လာရတာလဲ"

ဟုမေးမြန်းလေ၏။

အင်စပက်တော်လှမိုးက သမီးဖြစ်သူ မိုးသူဇာ၏ အကြောင်းစုံကို ပြောပြလိုက်၏။

ဆရာမကြီးသည် မျက်လုံး စုံမှိတ်ပြီး သမီးဖြစ်သူ၏ အနာဂါတ်ကို မြင်ယောင်ရင်း မျက်နှာ ညှက်ကာ

"သူသိပ်ဆိုးနေပြီ၊သူ့ကို ဥပဒေ ဘောင်ထဲကို ဆွဲသွင်းပြီးစိတ္တဇရောဂါကိုကုစားရမယ်၊ သူ့ကိုကြည့်ရတာ လှည်းကူးမြို့နယ်က မဟာမြိုင်အိမ်ကို သွားတယ်နဲ့တူတယ်၊အဲဒီအိမ်က ဘကြီး ဖြစ်သူဆီက အမွေ ရထားတဲ့အိမ်၊ သူ့ရဲ့ ငယ်ဘဝ တလျှောက်လုံး အဲဒီအိမ်မှာ ကြီးပြင်းခဲ့ရတယ်၊သူ့ရဲ့စိတ္တဇတွေ မွေးဖွားပေးတဲ့ နေရာပေါ့"





ဟုပြောလေ၏။

အင်စပက်တော်လှမိုးသည် မဟာမြိုင်အိမ်ကြီးသို့ ကမန်းကတန်း လိုက်ခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသူဇာသည် သူမ၏ ကားကို လှည်းကူးမြို့နွှန်သို့ ရောက်သောအခါ မြေလမ်းကလေးသို့ ချိုးကွေ့ဝင်လိုက်၏။

အတန်ကြာအောင် မောင်းနှင်ပြီးနောက် ဝါးရုံတောကြီး အနောက်တွင် ဟောင်းနွမ်းဆွေးမြေ့နေသော အိမ်အိုဟောင်း ကြီးတစ်လုံးရှိလေ၏။

——— စေတနာတာပေ ———



စောသီတာသည် မေ့မြောနေရာမှ သတိရလာပြီးအော် ဟစ်ရုန်းကန်နေလေ၏။

မိုးသူဇာသည် ကားကို ရပ်တန့်လိုက်ပြီး စောသီတာကို ကားပေါ်မှ ကြမ်းတမ်းစွာ ဆွဲချလိုက်လေရာ စောသီတာသည် ကားပေါ်မှမြေပေါ်သို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေ၏။

သူမ၏ ဆံပင်ကို ဆောင့်ဆွဲပြီး ခေါ်သွားသဖြင့် နာကျင်စွာ အော်ဟစ်ပြီး လိုက်ပါသွားလေ၏။

မိုးသူဇာသည် အိမ်နှင့်မလှမ်းမကမ်းရှိ ဂိုဒေါင်ဆန်ဆန် ဆောက်လုပ်ထားသော နေရာသို့ စောသီတာကို ခေါ်သွား လေ၏။

စောသီတာက ဒေါသတကြီးဖြင့်

"လွှတ်..လွှတ်..ငါကို လွှတ်စမ်း၊ နင်နဲ့ငါရန်ငြိုးရန်စ မရှိဘဲ ငါ့ကို ဘာကြောင့်ဒီလို လုပ်တာလဲ"

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။

မိုးသူဇာက ဆံပင်ဆွဲခြင်းကို ရပ်တန့်ပြီး

"ဘာ..ရန်ငြိုးရန်စ မရှိဘူး ဟုတ်လား သိပ်ရှိတာပေါ့"

ဟုဆိုပြီး စောသီတာကို ဆောင့်ဆွဲပြီး ဂိုဒေါင်ထဲသို့ ခေါ်ဆောင်သွားလေ၏။

ဂိုဒေါင်ထဲသို့ ရောက်သောအခါ စောသီတာ၏ လက်တစ်ဖက်ဆီကို သံကြိုးဖြင့် တုတ်နှောင်လိုက်ပြီး နံရံ တစ်ဖက်တွင်ရှိသော စက်သီးကို လှည့်လိုက်ရာစောသီတာ၏ လက်နှစ်ဖက်သည် တဖြည်းဖြည်းအပေါ်သို့ မြောက်တက်သွားလေ၏။

စောသီတာသည် သူမ၏ လက်နှစ်ဖက်စလုံး နာကျင်လာသဖြင့် အော်ဟစ်လိုက်ပြီး

"မိန်းမယုတ်..ငါ့ကို ဘာဖြစ်လို့ဒီလို လုပ်နေတာလဲ"





ဟုမေးမြန်းလိုက်၏။

မိုးသူဇာက စောသီတာကို ကြည့်ပြီး

"အစတုန်းက နင့်ကို ငါသတ်ဖို့ မဟုတ်ဘူး၊လူသတ်မှုတရားခံ အနေနဲ့ ထောင်ထဲထည့်ဖို့ပဲ ရှိတယ်၊အခုတော့ နင်က ငါ့ကို သိပ်ဒုက္ခပေးတယ်၊ နင်သေမှ အေးမယ်"

ဟုဒေါသတကြီးပြောလိုက်၏။

မိုးသူဇာက စောသီတာကို ကြည့်ပြီး

"တကယ်တော့ နင်ရယ်၊ငါရယ်၊ သေသွားတဲ့ ကိုမြမောင်ရယ်က သူစိမ်းတွေ မဟုတ်ဘူး..ငါတို့ဟာ အဖေတူ မအေကွဲမောင်နှမတွေ့စဲဟဲ့"

ဟုပြောလေရာစောသီတာသည်အံ့ဩဟန်ဖြင့်မိုးသူဇာ၏မျက်နှာကိုကြည့်လိုက်လေ၏။

မိုးသူဇာက စောသီတာ၏ မျက်နှာပေါ်ရှိ ဆံပင်များကို



www.burmeseclassic.com

www.burmeseclassic.com



သပ်တင်လိုက်ပြီး မျက်နှာမဲ့ကာ

"ငါတို့နှစ်ယောက်ရဲ့ရုပ်က အံ့ဩဖွယ် ကောင်းလောက်အောင် တူကြတယ်၊ တူမှပေါ့၊ ဒါဟာ ငါတို့အဖေ သစ္စာရှင်ကြီးရဲ့ မိန်းမတွေ အများကြီးယူခဲ့တဲ့ အကျိုးဆက်ပေါ့.. ငါလက်ချက်နဲ့ သေသွားတဲ့ မြမောင်လည်း ငါတို့နဲ့ ရုပ်ချင်းဆင်ကြတယ်"

ဟုပြောလေရာ စောသီတာက

"နင်ဘာလို့ မောင်နှမတွေ လိုက်ဒုက္ခပေးနေတာလဲ"

ဟုမေးမြန်းလိုက်၏၊.

မိုးသူဇာက အံကိုကြိတ်ပြီး

"ဒုက္ခပေးတယ် ဟုတ်လား၊ ဒုက္ခတွေကို ငါ တစ်ယောက်တည်းခံရတာ တရားမျှတမှု ရှိရဲ့လား..ငါ တစ်ယောက်တည်း နာကျင်ခံ ရမှာလား.. နင်တို့ကတော့ သားသမီးချင်း အတူတူ အသာစံပြီးနေရတယ်..ငါငယ်စဉ်ဘဝတလျှောက်လုံး





ဟောဒီအခန်းလေးထဲမှာ ကြောက်ရွံ့တုန်လှုပ်စွာနဲ့ ကျော်ဖြတ်ခဲ့ရတယ်၊ အမေဟာ သူ့ကို သစ္စာမဲ့ပြီး ထားရစ်ခဲ့တဲ့ အဖေ့ကို မုန်းတယ်၊ အဖေနဲ့ ရုပ်ချင်း တစ်ထေရာတည်း တူတဲ့ ငါ့ကိုလည်း မုန်းတီးနေ တယ်၊ငါဟာ မိခင်မေတ္တာကို ဘယ်တော့မှ မရဘူး၊ မိခင်ရဲ့ အမုန်းတွေပဲ ရတယ်.... အမေဈေးဝယ်ထွက်ရင် တစ်နေကုန် ဟောဒီအခန်းလေးထဲမှာ သံတိုင်တွေကို ကိုင်ပြီး အမေကို စောင့်မျှော်ခဲ့ရတယ်၊ အဲဒီတုန်းက ငါ့ဘဝရဲ့ အကြီးမားဆုံး ရည်ရွယ်ချက်က သံတိုင်တွေ ရှိတဲ့ အခန်းက လွတ်မြောက်ဖို့ပဲ၊ သံတိုင်တွေကြားမှာ ငါဒိုကြွေး မနေချင်တော့ဘူး၊ ငါဒိုကြွေး နေရျိန်မှာ နင်တို့က ငါ့အဖေရဲ့ မေတ္တာတဂုဏ်နဲ့ ကြင်နာ ယုယမှုတွေကို ရနေတယ်၊ နင်တို့နဲ့ ငါ့ဘဝဟာ ကွာခြားချက်က အဲဒါပဲ.. ငါ့အဖေဟာ နင်တို့ကိုယုယပိုက်ထွေးမှု အများကြီးပေးပြီး ငါနဲ့ ငါ့အမေကိုတော့ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် ထားရစ်ခဲ့တာလဲ..ဒါဟာ လောကကြီးရဲ့ ချိန်ခွင်ညာ မညီမျှမှုပဲ.. တစ်ဘက်သတ် မျက်နှာလိုက်မှုပဲ... အမေဟာ တစ်ချိန်လုံး အဖေနဲ့တူတဲ့ ငါ့ကို မုန်းတီး နေခဲ့တယ်၊ ငါဟာ လောက ငရဲကို ခံစားခဲ့ရတယ်.. နင်တို့ကတော့ လောက နိဗ္ဗာန်နဲ့ကြုံဆုံခဲ့ရတယ်..ဒါဟာ မတရားမှုပဲ..မတရားမှုတွေကို ဖြေရှင်းဖို့ ငါ ဆုံးဖြတ်ခဲ့တယ်..ဒီအတွက် ကြိုးစင် တက်ရင်လဲ ငါမကြောက်ဘူး"

ဟုပြောလိုက်ရာစောသီတာက

"ဒါဟာ ငါတို့နဲ့ မဆိုင်ဘူး.. နင့်ကံကြမ္မာနဲ့ နင်ဖြစ်တာပဲ..မဆီမဆိုင် သူများကို ဒုက္ခ လိုက်မပေးပါနဲ့"

ဟုပြောလိုက်ရာ မိုးသူဇာက သဘောကျဟန်ဖြင့် တဟားဟားရယ်မောလိုက်ပြီး

"ငါ့ ကံကြမ္မာနဲ့ ငါဖြစ်တာ ဟုတ်လား..ဒါဆိုရင်တော့





လောကကြီးဟာ တော်တော် တရားမျှတမှု မရှိတာပဲ.. နင်တို့ကို လက်စားချေဖို့ လွယ်လွယ်လေး ဖြစ်လာတယ် ထင်သလား..ငါ့ဘက်က နစ်နဲ့ချီပြီး ကြိုးပမ်းခဲ့တာပဲ..ငါကျောင်း တစ်ဝက် တစ်ပျက်နဲ့ ထွက်ပြီး ငါ့အဖေ သစ္စာရှင်ကြီး ယူခဲ့တဲ့ မိန်းမတွေ စာရင်းကို ရှာဖွေခဲ့တယ်... ဒီလိုနဲ့ ငါသတ်ခဲ့တဲ့ မြမောင်ရဲ့ နောက်ကြောင်းကို သိခဲ့ရတယ်..ငါ့အဖေ သစ္စာရှင်ကြီးဟာ ကိုကိုကျော် ဆိုတဲ့ အမည်ပြောင်းပြီးစန္ဒယား ဆရာ အလုပ်ကိုပြောင်းလုပ်နေတယ်..သူဟာ လူကုံထံတွေရဲ့ပါတီပွဲတွေမှာ စန္ဒယားကိုကိုကျော်ဆိုပြီး ပျိုမေတို့ အသည်းစွဲ ဖြစ်ခဲ့တယ်..နောက်တော့ မြမောင်အမေနဲ့ နစ်နစ်လောက် ပေါင်းပြီးကွဲကွာသွားခဲ့တယ်..နောက်တော့နင့်အမေနဲ့တွေ့ပြီး ပေါင်းသင်း ခဲ့ပြန်တယ်.. နင်အမေနဲ့ ဆယ်နှစ်ကျော်ပေါင်းပြီး ငါ့အဖေရဲ့ မိုက်ဇာတ် သိမ်းသွားခဲ့တယ်..ငါ့အဖေဟာ နင့်



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့ ပေါင်းနေရင်းနဲ့ မြမောင်အမေနဲ့ တိတ်တခိုး ပြန်ပေါင်းသင်းတယ်..ငါ့အဖေဟာ လေ့နံနစ်ဖက် နင်းရင်း မိုက်ဇာတ်သိမ်း သွားခဲ့တယ်..ဘာပဲဖြစ်ဖြစ် နင်နဲ့ မြမောင်ဟာ ငါ့အဖေရဲ့ ကြင်နာ ယုယမှုတွေကို အများကြီး ရခဲ့တယ်..ငါ ငိုကြွေးနေတဲ့ အချိန်မှာ နင်တို့က ပျော်ရွှင်နေခဲ့တယ်..ဒါကြောင့် နင်တို့ကို လက်စားချေဖို့ ဆုံးဖြတ်ခဲ့တယ်..ပထမဆုံး ဗီယာနာ ကဖေးတိုက်မှာ မုန့်ဆရာ လုပ်နေတဲ့ မြမောင်ကို မာယာနဲ့ ချည်းကပ်တော့ လွယ်လွယ်နဲ့ ရခဲ့တယ်..မြမောင်ကို ငါသတ်ပြီး နင့်ကို လူသတ်မှုနဲ့ ထောင်ထဲကို ပို့ဖို့ ကြံစည်ခဲ့တယ်..ဒါကြောင့် နင့်အမေသေတဲ့ သတင်းကိုရတော့ နင်နေတဲ့ မြို့တစ်မြို့တည်းကို ငါအိမ်ငှားမဲ့ကြော်ငြာ ရောက်အောင် စီစဉ်ခဲ့တယ်.. နင်တို့မြို့ကို ပို့မဲ့ သတင်းစာ အားလုံးရဲ့ ကြော်ငြာ အချပ်ပိုတွေ အတု လုပ်ပြီး အိမ်ငှားကြော်ငြာ ထည့်ခဲ့တယ်..နင်ရန်ကုန်ရောက်ခဲ့





နေ့မတိုင်မီ မြမောင်ကို သတ်ပြီး စတိုခန်းထဲက သေတ္တာ ထဲမှာ ထည့်ထားခဲ့တယ်.. နင်ရောက်လာရင် အများက သံသယ ဖြစ်အောင် အိမ်နီးချင်းတွေ ရှေ့မှာ သူနဲ့ငါ အကြိမ်ကြိမ် ရန်ဖြစ်ပြခဲ့တယ်..သူ့ကို ငါသတ်မယ် ဆိုတဲ့ သတင်းကို သူ့မိဘ တွေသိအောင် စီစဉ်ခဲ့တယ်..နင်ရန်ကုန်ကို ရောက်လာပြီး ညအိပ်ကာနီး နင်သောက်မဲ့ ဖန်ရေတကောင်းထဲမှာ ဆေးခပ် ပြီး နင့်ကို အိပ်ပျော်စေခဲ့တယ်..နင်အိပ်ပျော်နေတုန်း လူသတ်ခဲ့တဲ့ ဓားမှာ နင်လက်ဗွေရာ ထင်အောင် လုပ်ခဲ့တယ်.. နင့်ရဲ့ အဝတ်အစား အိတ်နဲ့ အိမ်နံ့ရံနဲ့ စားပွဲပေါ်မှာ ငါရေးခဲ့တဲ့ စာရွက်တွေကို ဖျောက်ဖျက်ပစ်ခဲ့တယ်.. နင်နဲ့ငါရုပ်ချင်း ဆင်တူနေလို့ အိမ်နီးချင်းတွေနဲ့ ဗီယာနာ ကဖေးတိုက်က မုန့်ဆရာ တွေက နင့်ကိုငါပဲ ဆိုပြီး ထွက်ဆိုကြတယ်..ဒါကြောင့် ပုလိပ်က နင့်ကို လူသတ်မှု တရားခံ ဆိုပြီး ထောင်ထဲပို့တော့မဲ ဆဲဆဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နင်ကမနေနိုင် မထိုင်နိုင် ဝါးရမ်းပြေးလုပ်နေလို့ ငါတော်တော် အခက်တွေ့ခဲ့ ရတယ်...ဘာပဲဖြစ်ဖြစ် နင်အခု ငါ့လက်ထဲ ရောက်နေပြီ..နင့်ကို ငါ လက်စားချေရတော့မယ်.. ဒါဟာ လောကကြီးရဲ့မတရားမှုကို ကိုယ့်နည်းကိုယ်ဟန်နဲ့ ဖြေရှင်းတာပဲ..ဒီအတွက် ကြိုးစင် တက်ရမယ် ဆိုရင်တောင် ငါဂရု မစိုက်ဘူး"

ဟုပြောလေရာ စောသီတာက မိုးသူဇာကို ထိတ်လန့်တကြားကြည့်ပြီး

"နင်အရူးပဲ..နင်ရူးနေပြီ..နင်ဗုဒ္ဓဘာသာ မဟုတ်ဘူးလား..လူ့ကံကြမ္မာ ဆိုတာ ရှေးဘဝ ပင့်ကြွေးနဲ့ဆိုင်တယ် ဆိုတာ နင်မသိဘူးလား..နင့်ကံကြမ္မာမကောင်းတာဟာ ရှေးဘဝ အကျိုးဆက်ကြောင့်ပဲ..နင် ဒီဘဝမှာ ကောင်းမှုကုသိုလ်တွေ လုပ်ရမယ်.. နင်စိတ်တွေကို အေးချမ်းအောင်ကျင့်ရမယ်"





ဟုပြောလေရာ မိုးသူဇာက ဒေါသတကြီးဖြင့်

"တိတ်စမ်း မိချောင်းမင်း ရေကင်းပြ မနေနဲ့၊ နင့်ကို အသေသတ်ရမှ ငါကျေနပ်မယ်"

ဟုပြောကာ အနီးရှိ ပုဆိန်ကြီးကို ကိုင်မြှောက်ပြီး စောသီတာ၏ခေါင်းကိုခုတ်ရန်ကြံစည်လိုက်၏။

စောသီတာသည် ထိတ်လန့်တကြား အော်ဟစ် လိုက်လေ၏။

ထိုအခိုက်မှာပင် သေနတ်သံ ဒိုင်းခနဲ ကြားရပြီး အင်စပက်တော်လှမိုးပေါ်ထွက်လာ၏။

အင်စပက်တော်လှမိုးသည် စောသီတာ၏ ကိုယ်တွင် ချုပ်နှောင်ထားသော သံကြိုးများကို ဖြည်ပေးရင်း

"စိတ်မပူပါနဲ့..အားလုံး ပြီးဆုံးသွားပြီ"

ဟုပြောလိုက်ရာ စောသီတာက အင်စပက်တော် လှမိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖက်ရင်း အားပါးတရ ငိုကြွေးလိုက်လေ၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ......

ဘာမှမသိသော

မင်းမြတ်သူရ

BURMESE CLASSIC .com



www.burmeseclassic.com